ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ သောကြာနေ့၊ (26-1-2007) (၅၂၁၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇန်နဝါရီ　　၂၆

၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇန်နဝါရီ　　၂၆

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ် မိုက်ကယ်ဂျက်ဖရီ (အငြိမ်းစား)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အမျိုးသားရေးမူဝါဒအပေါ် တိုင်းရင်းသားလူမျိုးအားလုံးက ယုံကြည်သက်ဝင်သည်နှင့်အမျှ ပြည်ထောင်စုကြီးကို တည်ငြိမ်အေးချမ်းအောင်၊ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းမြှင့်တင်နိုင်မည်

တိုင်းရင်းသားများအကြား ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ ပေါက်ဖွားရှင်သန်နေစေရေး အမြဲမပြတ် စေ့ဆော်ကြိုးပမ်း ဆောင်ရွက်နေကြရန်လို

နေပြည်တော်　　ဇန်နဝါရီ　　၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား၊ သင်တန်းသူများက ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အနော်ရထာခန်းမ၌ တွေ့ဆုံဂါရဝပြုပြီး ဩဝါဒခံယူကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ဩဝါဒစကား မြွက်ကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား၊ သင်တန်းသူများအား ဩဝါဒစကား မြွက်ကြားစဉ်။ (အပေါ်ပုံ)　　(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၆–၁–၂၀၀၇
(သောကြာနေ့)

မြန်မာ့ပြည်တွင်းရေးကို အမေရိကန်နှင့် ဗြိတိန်စွက်ဖက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ဆန့်ကျင်ကန့်ကွက်

အမေရိကန်အစိုးရသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ၁၉၈၈ ခုနှစ်မှစ၍ နည်းအမျိုးမျိုးဖြင့် ဖိအားပေးလုပ်ဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင်လည်း မြန်မာနိုင်ငံ၏အရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သည်ဟူသော အကြောင်းပြစွပ်စွဲမှုများဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးနိုင်ရေးအထိ လုပ်ဆောင်လာခဲ့သည်။

ယင်းသို့ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် လုပ်ကြံဖန်တီး စွပ်စွဲချက်များပြုလုပ်ပြီး လုံခြုံရေးကောင်စီသို့ တင်သွင်းရန် အားထုတ်နေသော အမေရိကန်အစိုးရ၏ မူမမှန်သောလုပ်ရပ်ကို ပြည်တွင်းရှိ အဖွဲ့အစည်းများနှင့် နိုင်ငံတကာက လက်မခံဘဲ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

ယခုတစ်ဖန် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေခြင်းမရှိသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အရေးကိစ္စကို အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့ ပူးပေါင်းပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်မူကြမ်း တင်သွင်း၍ မဲခွဲဆုံးဖြတ်ရန် လုပ်ဆောင်ခဲ့ခြင်းအပေါ် ကန့်ကွက်ခဲ့သည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘက်မလိုက်လှုပ်ရှားမှု ညှိနှိုင်းရေး ဗျူရိုအစည်းအဝေးက အဖွဲ့ဝင်နိုင်ငံများ၏ သဘောထားနှင့်အတူ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌထံ စာရေးသားပေးပို့ ကန့်ကွက်ခဲ့ရာတွင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ထိပါးခြင်းမရှိသည့် မည်သည့်အဖွဲ့ဝင်နိုင်ငံ၊ မည်သည့်ကိစ္စရပ်မျိုး (ဥပမာ–လူ့အခွင့်အရေးကိစ္စ)ကိုမဆို လုံခြုံရေးကောင်စီက တရားဝင်သော်လည်းကောင်း၊ အလွတ်သဘောသော်လည်းကောင်း ပါဝင်ပတ်သက်ဆောင်ရွက်ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ် (၂၄)နှင့် ဆန့်ကျင်ခြင်းဖြစ်သည်ဟူ၍ ဖော်ပြထားသည်။

ထို့အပြင် လုံခြုံရေးကောင်စီအနေဖြင့် ယင်း၏ဆောင်ရွက်ရမည့်ကိစ္စ၊ လုပ်ပိုင်ခွင့်အာဏာတို့နှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို လေးစားလိုက်နာရန်လည်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ထပ်မံတိုက်တွန်းထားသည်။

သို့ဖြစ်ရာ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကိုပင် ခုတုံးလုပ်အသုံးချရန် အားထုတ်လုပ်ဆောင်ခဲ့သည့် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သော လုပ်ရပ်များအပေါ် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး အပါအဝင် ကမ္ဘာ့နိုင်ငံများက ကန့်ကွက်ဆန့်ကျင်လိုက်ခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မြတ်နိုးသော ပြည်သူများ၏ အောင်ပွဲပင်ဖြစ်ကြောင်း သုံးသပ်ရှုမြင်မိပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံတည်ထောင်သည့် (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်းရှေခါဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံတည်ထောင်သည့် (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂျွန်ဟားဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အီရတ်စစ်ပွဲနှင့် လူ့အခွင့်အရေးပြဿနာများကြောင့် အမေရိကန်၏မူဝါဒ ကမ္ဘာ့ပြည်သူများ စိတ်ပျက်လာ လူထုသဘောထားဆန္ဒစစ်တမ်းတွင် ဖော်ပြ

လန်ဒန် ဇန်နဝါရီ ၂၃

အီရတ်စစ်ပွဲ ပြဿနာများနှင့် ဂွာတာနာမိုပင်လယ်အော်ရှိ အမေရိကန်ရေတပ်စခန်းတွင် တည်ရှိသော အကျဉ်းစခန်း၏ လူ့အခွင့်အရေး ချိုးဖောက်မှုပြဿနာများကြောင့် လွန်ခဲ့သည့်နှစ်အတွင်း အမေရိကန်နိုင်ငံ၏ သိက္ခာများ ကျဆင်းခဲ့ရကြောင်း ဘီဘီစီအသံလွှင့်ဌာနက အင်္ဂါနေ့တွင် ထုတ်ပြန်သည့် လူထုသဘောထားဆန္ဒ စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

ကမ္ဘာ့ရေးရာများတွင် အမေရိကန်နိုင်ငံ၏ ဩဇာသက်ရောက်မှု ရှိနေခြင်းနှင့်ပတ်သက်၍ အကောင်းဘက်မှရှုမြင်သူဦးရေမှာ ၃၆ ရာခိုင်နှုန်းမှ ၂၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း၊ အဆိုးဘက်မှရှုမြင်သူဦးရေမှာမူ လွန်ခဲ့သည့်တစ်နှစ်က ၄၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၅၂ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း နိုင်ငံပေါင်း ၂၅ နိုင်ငံအပေါ်အခြေခံသည့် အဆိုပါ စစ်တမ်းတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံအား အမေရိကန်က ကျူးကျော်တိုက်ခိုက်မှုဖြစ်သည့် အီရတ်စစ်ပွဲ စတင်ခဲ့မှု လေးနှစ်ပြည့်လုနီးကာလတွင် အမေရိကန်အစိုးရ၏မူဝါဒနှင့်ပတ်သက်၍ ကမ္ဘာ့ပြည်သူများ စိတ်ပျက်လာနေပုံကို ယင်းစစ်တမ်းက ဖော်ညွှန်းလျက်ရှိသည်။

နိုင်ငံပေါင်း ၂၅ နိုင်ငံမှ လူပေါင်း ၂၆၃၈၁ ဦးက သဘောထားဆန္ဒ ထုတ်ဖော်ရာတွင် အီရတ်ဆိုင်ရာ အမေရိကန်မူဝါဒကို လူလေးဦးလျှင် သုံးဦးက ထောက်ခံခြင်းမပြုပေ။

ဂွာတာနာမိုပင်လယ်အော်ရှိ အမေရိကန်အကျဉ်းစခန်းတွင် အကျဉ်းသားများအား ပြုမူဆက်ဆံပုံနှင့် ပတ်သက်၍ သဘောထားဆန္ဒထုတ်ဖော်သူ သုံးပုံနှစ်ပုံက နှစ်မြို့ခြင်းမရှိကြောင်း စစ်တမ်းတွင်ဖော်ပြသည်။

အင်တာနက်။

မက္ကဆီကို မူးယစ်ဆေးဝါးဂိုဏ်းများ ထိန်းချုပ်မရဖြစ်နေ

မဒရစ် ဇန်နဝါရီ ၂၃

မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများသည် ထိန်းချုပ်မရနိုင်သည့်အခြေအနေတွင်ရှိနေကြောင်း မက္ကဆီကို သမ္မတဖိလစ်ကယ်ဒရွန်က စပိန်သတင်းစာသို့ ပြောကြားသည်။

လွှဲပြောင်းပေး

မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများက ကျူးလွန်သည့် ပြစ်မှုများကြောင့် စိတ်သောကရောက်စရာ ကောင်းနေကြောင်း၊ လူသတ်ဖြတ်မှုနှုန်းသည် ကိုလံဘီယာနိုင်ငံထက်ပင် သာလွန်နေကြောင်း ၎င်းက ပြောကြားသည်။

နှိမ်နင်းခဲ့

မူးယစ်ဆေးဝါးဂိုဏ်းနှင့် အကြမ်းဖက် တိုက်ခိုက်မှုများ တိုးပွားလာသည့် ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် သမ္မတ ကယ်ဒရွန်က ကြည်းတပ်တပ်ဖွဲ့ဝင်များနှင့် အထူးလက်ရွေးစင် ရဲတပ်ဖွဲ့များ စေလွှတ်ကာ နှိမ်နင်းခဲ့သည်။

သတ်ဖြတ်မှုကျဆင်း

မီချိုယာကန်ပြည်နယ်တွင် လွန်ခဲ့သည့် လအတွင်းက မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့် သတ်ဖြတ်မှုများ ၇၀ရာနှုန်းခန့်အထိကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် ဆက်လက်လုပ်ဆောင်စရာ ရှိသေးကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

အမေရိကန်တို့ ဆိုမာလီယာကို ဒုတိယအကြိမ် လေကြောင်းမှတိုက်ခိုက်

ဝါရှင်တန် ဇန်နဝါရီ ၂၅

အမေရိကန်တပ်ဖွဲ့များသည် သီတင်းနှစ်ပတ်အချိန်အတွင်း ဆိုမာလီယာနိုင်ငံရှိ ပစ်မှတ်များကို ဒုတိယအကြိမ်အဖြစ် ဇန်နဝါရီ ၂၄ရက်က လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း စီဘီအက်စ်သတင်းဌာနက ဖော်ပြသည်။

တိုက်ခိုက်

မကြာသေးမီ သီတင်းပတ်ကလည်း အမေရိကန်တို့သည် အေစီ ၁၃၀ လေယာဉ်များအသုံးပြုပြီး ဆိုမာလီယာနိုင်ငံအတွင်းသို့ လေကြောင်းမှ ပထမအကြိမ် တိုက်ခိုက်ခဲ့သေးသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဝါရှင်တန်ရှိ ပြောရေးဆိုခွင့်ရှိသူက တစ်စုံတစ်ရာ အသေးစိတ် ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။ ဖော်ပြပါ တိုက်ခိုက်မှုများအတွင်း အရေးပါသောပစ်မှတ်များကို ထိမှန်ခဲ့ခြင်းမရှိဟုယူဆရကြောင်း အစိုးရသတင်းရပ်ကွက်မှလာသောသတင်းက ဆိုသည်။ လေကြောင်းမှ အသစ်တစ်ဖန် တိုက်ခိုက်သည်ဆိုသောသတင်းကို အမေရိကန်ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားရန် ငြင်းဆိုသည်။ ယခုပြုလုပ်သော လေကြောင်းတိုက်ခိုက်မှုများကို အာဖရိကရှိ ဂျီဘူတီနိုင်ငံတွင် အခြေစိုက်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆိုမာလီယာနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် အမေရိကန်လေယာဉ်တင်သင်္ဘော ဒွိုက်ဒီ၊ အိုင်ဆင်ဟောင်ဝါနှင့် သင်္ဘောအုပ်စုများ ရောက်ရှိစောင့်ကြည့်နေပြီး မသင်္ကာဖွယ်ရေယာဉ်များကို ရေပြင်၌ တားဆီးမေးမြန်းလျက်ရှိသည်။

အင်တာနက်။

✳ နိုင်ငံတော်မှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ညနေ ၆ နာရီ ၂၅ မိနစ်တွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံမည့် ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာသို့ ရောက်ရှိလာပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား၊ သင်တန်းသူများ၊ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းကြီးကြပ်သူ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား၊ သင်တန်းသူများအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (အပေါ်ပုံနှင့်အောက်ဝဲပုံ) (သတင်းစဉ်)



နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန ဝန်ကြီး မစ္စတာပရာနာ့ဗ်၊ မူဂါဂျီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အလက်ဇန္ဒား ဒေါင်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကများနှင့် တေးဂီတဖြေဖျော်ပွဲများ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၅

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများနှင့် တေးဂီတ ဖြေဖျော်ပွဲများကို ဖေဖော်ဝါရီ ၁၃ ရက် နှင့် ၁၄ ရက်တို့တွင် နေပြည်တော် မြို့တော်ခန်းမဝင်းအတွင်း၌ ကပြဖြေဖျော်မည်ဖြစ်ရာ ပြည်သူများ လာရောက်ကြည့်ရှု အပန်းဖြေနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ဇန်နဝါရီ ၂၄ ရက်က ဆိပ်ကမ်းမြို့နယ် ရဲရိပ်သာရပ်ကွက်နှင့် မိသားစုရပ်ကွက်မှ ကလေးငယ်များအား အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းနိုင်၊ မြို့နယ် လက်ထောက်ဆရာဝန် ဒေါက်တာ ဒေါ်ဖြူဖြူမြင့်၊ ဒေါက်တာ ဦးတင်ထွဋ်နှင့် ရဲရိပ်သာရပ်ကွက် ဥက္ကဋ္ဌ ဦးဝင်းဌေးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၁-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၁၄)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၁၇)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း သဘောထားကြေညာချက်ထုတ်ပြန်ဆန့်ကျင်ရှုတ်ချ

မြန်မာ့အရေးကိစ္စအဆိုမူကြမ်း ရှုံးနိမ့်သွားရခြင်းမှာ တရားမျှတမှုအောင်ပွဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ပေးလိုက်ခြင်းဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၅

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းက ဇန်နဝါရီ ၂၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်လိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ သဘောထားကြေညာချက်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းရန် ဖိအားပေးလုပ်ဆောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ အရေးကိစ္စအပေါ် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ ဆုံးဖြတ်ချက်ချမှတ် အရေးယူရန် ဆုံးဖြတ်ချက် မူကြမ်းတင်သွင်းခဲ့သော အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်မကန် တစ်ဖက်သတ် ဖိအားပေးလုပ်ဆောင်ချက်တို့သည် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခဲ့ရပြီးဖြစ်သည့်အတွက် အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာ့ပြည်တွင်းရေးကို စွက်ဖက်ရေးကြိုးပမ်းမှုမှာ အချည်းနှီးဖြစ်သွားရပြီ ဖြစ်ပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာ့အရေးကိစ္စအဆိုမူကြမ်း ရှုံးနိမ့်သွားရခြင်းမှာ တရားမျှတမှုအောင်ပွဲဟု ပြောနိုင်သလို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ပေးလိုက်ခြင်း ဖြစ်သည်ဟု ယူဆမိပါသည်။

အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်များနှင့် တစ်ဖက်သတ် ဖိအားပေးခြင်း စသောလုပ်ဆောင်ချက်များကို ကြိုဆိုထောက်ခံခဲ့ကြသော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများအားလုံးကို ပြစ်တင်ရှုတ်ချကန့်ကွက်ပါသည်။

အဆိုပါ အဆိုပြုချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ရာ၌ ဗီတိုအာဏာကို တရားမျှတစွာ အသုံးပြုခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား လည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း လေးနက်စွာထောက်ခံကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း

နေ့စွဲ။ ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်
ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံ မူဆယ်-နမ့်ခမ်းနယ်စပ် ကုန်သွယ်ရေးကုန်သည်များအသင်း ကြေညာချက်ထုတ်ပြန်

အမေရိကန်နှင့် ဗြိတိန်တို့၏မူကြမ်း အောင်မြင်မှုမရဘဲပျက်ပြားသွားခြင်းကိုဝမ်းသာမိ ပြည်တွင်းပြည်ပ အမျိုးသားသစ္စာဖောက်များ၊ အဖွဲ့အစည်းများကို ပြင်းထန်စွာရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၅

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံ မူဆယ်- နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းက ဇန်နဝါရီ ၂၂ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၏ သဘောထားကြေညာချက်

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် အမေရိကန်နှင့် ဗြိတိန်တို့သည်ပြည်ထောင်စုမြန်မာနိုင်ငံအပေါ် မဟုတ်မမှန်လုပ်ကြံစွပ်စွဲပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူ ပေးရန် အဆိုပြုဆုံးဖြတ်ချက် မူကြမ်းတင်သွင်းခဲ့ရာ အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခြင်းကို ဤအသင်းမှ အသင်းသူ၊ အသင်းသား လုပ်ငန်းရှင်ကုန်သည်များအားလုံးက များစွာနှစ်ထောင်းအားရ ဝမ်းသာဖြစ်မိပါကြောင်းဖော်ပြ အပ်ပါသည်။

အမေရိကန်အစိုးရ၏ ပြည်ထောင်စုမြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေး လုပ်ဆောင်မှုများကို ကြိုဆို ထောက်ခံခဲ့ကြပြီး အမေရိကန်အစိုးရ၏လုပ်ရပ်များနှင့်အတူ အတိုင်အဖောက်ညီညီ အချိန်ကိုက်ပြီး လိုက်ပါလှုပ်ရှား ခဲ့ကြသော ပြည်တွင်း ပြည်ပ အမျိုးသားသစ္စာဖောက်များ၊ အဖွဲ့အစည်းများအား ဤအသင်းမှ အသင်းသူ၊ အသင်းသား လုပ်ငန်းရှင်ကုန်သည်များအားလုံးက ပြင်းထန်စွာ ကန့်ကွက်ပြစ်တင်ရှုတ်ချလိုက်ပါသည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရေးကိစ္စကို မဲခွဲဆုံးဖြတ်ရာ၌ ဗီတိုအာဏာ Double Veto သုံးပြီး ကန့်ကွက်ပယ်ချခဲ့သော တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အပြင် ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံ တို့အား ပြည်ထောင်စုမြန်မာနိုင်ငံ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းမှ အသင်းသူ၊ အသင်းသား လုပ်ငန်းရှင်ကုန်သည်များအားလုံးက အထူးဂုဏ်ပြုကျေးဇူးတင်ပါကြောင်း လေးနက်စွာ ဖော်ပြအပ်ပါ သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ မူဆယ်-နမ့်ခမ်း
နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း

ရက်စွဲ။ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီ (၂၂)ရက်
မူဆယ်မြို့။

● **မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ**

၁။ အမေရိကန်အစိုးရသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အတွက် မြန်မာနိုင်ငံ၏ အရေးကိစ္စသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးကို ထိခိုက်နိုင်သဖြင့် လုံခြုံရေးကောင်စီ၏ အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် တင်ပြတောင်းဆို၍ ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ တွင် လုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ခဲ့သည်ဟု သိရပါသည်။

၂။ ဆက်လက်၍ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုက ကုလသမဂ္ဂလုံခြုံရေးကောင်စီ သို့ မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး၊ လုံခြုံရေးကို ထိခိုက်စေသဖြင့် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်တင်သွင်းခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာဖြင့် ပယ်ချခဲ့သဖြင့် အတည်ပြုနိုင်ခြင်းမရှိခဲ့ကြောင်း သိရပါသည်။

၃။ ယနေ့ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေမှာ ပြည်တွင်းငြိမ်းချမ်းမှု ရရှိခြင်း၊ မူးယစ်ဆေးဝါး မှုခင်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း၊ တိုင်းရင်းသားများနှင့် မြန်မာနိုင်ငံအနှံ့ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း၊ ပြည်သူလူထု အလွှာအသီးသီးမှ ကိုယ်စားလှယ်များက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ နိုင်ရေးအတွက် အခြေခံမူများချမှတ်နိုင်ခြင်းနှင့် လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှုကို တွေ့မြင်နိုင်ပါသည်။ နိုင်ငံတကာလုံခြုံရေးကို ထိခိုက်စေရန်မဆိုထားနှင့် ဒေသတွင်းရှိ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးကိုပါ မထိခိုက်ဟု ယူဆကြောင်း၊ ဒေသတွင်း လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ရာရောက်သည်ဟု လည်းမယူဆကြောင်း၊ မြန်မာနိုင်ငံနှင့် အနီးကပ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများက ထုတ်ဖော်ပြောကြားကြောင်း သိရှိရပါသည်။

၄။ ဤသို့ လက်ရှိမြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးနေသော အခြေအနေကို မျက်ကွယ်ပြုထားသော ဆုံးဖြတ်ချက် မူကြမ်းကို တင်သွင်းခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ဆန့်ကျင်ကာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ရာရောက်သဖြင့် အဆိုပါမူကြမ်းတင်သွင်းခဲ့သည့် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံ တို့၏လုပ်ရပ်ကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ရှုတ်ချလိုက်သည်။

၅။ ထို့အပြင် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အမှန်တရားကို အသိအမှတ်ပြု ရပ်တည်ပေးခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေး ကောင်စီ မဲခွဲဆုံးဖြတ်ရာတွင် ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အား လည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်ပေးခဲ့သော တောင်အာဖရိကနိုင်ငံအားလည်းကောင်း အထူးကျေးဇူး တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့

❒ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များမှ

မြန်မာပြည်သူများ လိုလားတောင့်တနေသော အဖြေရရှိခဲ့၍ နှစ်ထောင်းအားရဖြစ်မိ အမှန်တရား လက်စွဲရပ်တည်ပေးခဲ့သော နိုင်ငံများကို အထူးကျေးဇူးတင်

၁။ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်လုပ်ကြံစွပ်စွဲပြီး လုံခြုံရေးကောင်စီတွင် အရေးယူပေးရန် အဆိုပြုဆုံးဖြတ်ချက် မူကြမ်းတင်သွင်းခဲ့ရာ အောင်မြင်မှုမရရှိဘဲ ပျက်ပြားသွားခြင်းကို မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းသူ၊ အသင်းသားများအားလုံးက နှစ်ထောင်းအားရ ဖြစ်မိပါကြောင်းနှင့် မြန်မာနိုင်ငံပြည်သူများ လိုလားတောင့်တနေသော အဖြေထွက်ပေါ်လာခြင်းနှင့် ပတ်သက်၍ များစွာဝမ်းသာပီတိ ဖြစ်ရပါကြောင်း ဖော်ပြအပ်ပါသည်။

၂။ ယခုအခါ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းသူ အသင်းသားများနှင့်အတူ နိုင်ငံတော်အတွင်းနေ ပြည်သူများ လိုလားတောင့်တမျှော်လင့်နေသည့် တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုကို နိုင်ငံတော်အစိုးရ ဘက်မှ နေ့နေ့ညည အားသွန်ခွန်စိုက်လုပ်ဆောင်နေပါသည်။ ဤကဲ့သို့ လုပ်ဆောင်နေချိန်တွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို မျက်ကွယ်ပြု၍ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့က လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက် မူကြမ်းတင်သွင်းခဲ့ပါသည်။ ယင်းတင်သွင်းချက်နှင့်ပတ်သက်၍ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၂ရက် မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံဘက်မှ အမှန်တရားလက်ကိုင်ထားသော မိတ်ဆွေနိုင်ငံများမှ ဗီတိုအာဏာသုံးစွဲခြင်းနှင့် ကန့်ကွက်မဲပေးခြင်း တို့ကြောင့် အောင်မြင်မှုမရရှိဘဲ ပျက်ပြားသွားခဲ့ကြောင်းတွေ့ရှိရ၍ မြန်မာနိုင်ငံနေ ပြည်သူများနှင့်အတူ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှ များစွာဂုဏ်ယူမိပါသည်။

၃။ ဤကဲ့သို့ မြန်မာနိုင်ငံအခြေအနေမှန်ကို သိရှိစာနာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တောင်အာဖရိကနိုင်ငံများကို မြန်မာပြည်သူများနှင့်အတူ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံများစွာရှိပါကြောင်း၊ ကမ္ဘာကလည်း သိရှိကြောင်း ဖော်ပြကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း

ရက်စွဲ။ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်
ရန်ကုန်မြို့။

The Live News ဂျာနယ် အမှတ်(၂၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၅

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၂၁)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တတိယ အတွင်းဝန်ရာထူးအတွက် လျှောက်လွှာခေါ်ယူ၊ ဂျပန်နိုင်ငံသို့သွားရောက်လိုသူများ ၂၀၀၈ခုနှစ်ကျော်မှ စဉ်းစားသင့်၊ မြန်မာနိုင်ငံ စက်မှုဇုန်များအက်ဥပဒေကို သက်ဆိုင်ရာမှ မကြာမီပြဋ္ဌာန်းမည်၊ မဲဇလီဆိပ် တာချီလိတ် အေးရိပ်ဝေစည်ဖွံ့ဖြိုးသည်၊ အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်အင်အား ထပ်မံတိုးမြှင့်ဖွယ်ရှိ၊ အီရတ်နိုင်ငံနှင့် ပတ်သက်သည့် ဂျော့ဘုရှ်၏ စီမံချက်အား အထက်လွှတ်တော်အမတ်များ လက်မခံ၊ အမေရိကန်နှင့် အီရတ်အစိုးရတပ်များ ရှီးယိုက်ခေါင်းဆောင်၏ ထိပ်တန်းလက်ထောက်တစ်ဦးကို ဖမ်းဆီးခဲ့၊ တရုတ်က ဂြိုဟ်တုဖျက်ဒုံးလက်နက်စမ်းသပ်၊ အစ္စရေးကာကွယ်ရေးဦးစီးချုပ်နုတ်ထွက်၊ နွေးထွေးကြင်နာမှုဝေခံစားတတ်သည့် တလုံးတစည်းတည်းသော အာဆီယံဆီသို့၊ ရှမ်းပြည်နယ်က ချိုမြမြချဉ် စတော်ဘယ်ရီ၊ ကျွန်တော်တက္ကစီမင်းနှင့် ဆေးရုံဆင်းလူမမာ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။ The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြခဲ့ကြသည့် အမျိုးသမီးများ၏ ဘဝလုံခြုံမှု ကာကွယ်စောင့်ရှောက်ရေးကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပြည်နယ်နှင့်တိုင်းအလိုက် ၂၀၀၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့မှု အခြေအနေများ

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၃ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် အမျိုးသမီးများ၏ ဘဝလုံခြုံမှု ကာကွယ်စောင့်ရှောက်ရေးကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၌ ပြည်နယ်နှင့်တိုင်းအလိုက် ၂၀၀၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့မှု အခြေအနေများကို တင်ပြကြသည်။

အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းတွင် ကြိုတင်ကာကွယ်ရေးအတွက် ဟောပြောပွဲ၊ ဥပဒေဆိုင်ရာ ရှင်းလင်းပွဲများပြုလုပ်ခဲ့ခြင်း ၇၉၈၀ ကြိမ် လူဦးရေ(၉ဒသမ၁)သိန်း၊ ပညာပေးဌာန ၇၇ ဌာန ဖွင့်လှစ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း ကျား ၁၂ဦး၊ မ(၃၇၅)ဦး၊အကြမ်းဖက်ခံရသူအမျိုးသမီးများအား ဥပဒေကြောင်းအရ အကာအကွယ်ပေးခြင်း ၃၉၈ ကြိမ်တို့ကို ပြည်နယ်၊ တိုင်းအလိုက် အကောင်အထည်ဖော်နိုင်ခဲ့သည်။

အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	ပြည်နယ်/တိုင်း	ဟောပြောခြင်း		ပညာပေးဌာန ဖွင့်လှစ်ခြင်း	နှစ်သိမ့် ဆွေးနွေးခြင်း	ဥပဒေကြောင်းအရအကာအကွယ်ပေးခြင်း		
		အကြိမ်	ဦးရေ			ရုံးတင်ပို့ အကြောင်းကြားခြင်း	တရားရုံး ဆက်သွယ်ပေးခြင်း	ရှေ့နေ ငှားပေးခြင်း
၁။	ကချင်	၁၀၁	၁၇၈၄၅	၅	၄	၁၂	၅	၁
၂။	ကယား	၇၉	၅၁၂၀	၃	၇	-	၄	-
၃။	ကရင်	၅၆၃	၆၈၆၇၉	၄	၃၈	၇	၁၀	-
၄။	ချင်း	၄၉	၈၂၀၈	၂	၁၁	-	-	-
၅။	စစ်ကိုင်း	၁၀၈၀	၉၂၀၈၃	၈	၉	၂၀	၂၄	၄
၆။	တနင်္သာရီ	၁၂၀	၂၅၃၁၁	၃	၇	၅	၅	-
၇။	ပဲခူး	၁၆၇	၂၀၄၉၃	၂	၃၇	၁၂	၈	-
၈။	ပဲခူး(နောက်)	၄၇	၃၆၇၄	၂	၃၀	၄၂	၃၂	-
၉။	မကွေး	၁၀၇	၁၃၄၉၀	၁၁	၈	၁၂	၅၂	-
၁၀။	မန္တလေး	၂၁၆၄	၃၄၄၈၁၄	၈	၁၀	၃၅	၃၃	-
၁၁။	မွန်	၄၉	၅၆၀၄	၃	၃၂	၇	၈	-
၁၂။	ရန်ကုန်	၂၇၈	၁၈၈၁၃	၄	၂၈	၆	၅	၁
၁၃။	ရခိုင်	၁၄၂	၁၁၁၂၆	၃	၆၃	၉	၁၇	-
၁၄။	ရှမ်း(တောင်)	၆၇၇	၄၈၇၇၉	၅	၁၂	၄	၁၆	-
၁၅။	ရှမ်း(မြောက်)	၁၀၇၈	၁၂၀၄၉၈	၅	၁၆	-	၄	-
၁၆။	ရှမ်း(အရှေ့)	၅၅၅	၃၇၀၆၆	၄	၃၄	၂	၄	-
၁၇။	ဧရာဝတီ	၇၂၃	၇၅၁၀၈	၅	၄၁	၁၅	၄၇	-
	စုစုပေါင်း	၇၉၈၀	၉၁၆၇၂၀	၇၇	၃၈၇	၁၈၈	၂၇၄	၆

အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူမှောင်ခိုမှုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းတွင် ကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောဆွေးနွေးခြင်း ၄၆၂၀ကြိမ် လူဦးရေ (၇ဒသမ၇)သိန်း၊ လမ်းခရီးမှ တားဆီးပြန်လွှတ်ခြင်း ကျား ၂၃၆၉ဦး၊ မ ၁၀၄၀ဦး၊ ဖော်ထုတ်အရေးယူခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

လူမှောင်ခိုမှုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များမှာအောက်ပါအတိုင်း ဖြစ်သည်–

စဉ်	ပြည်နယ်/ တိုင်း	ဟောပြောခြင်း		တားဆီး ပြန်လွှတ်ခြင်း			လူကုန်ကူးမှုပေါင်း	လူကုန်ကူးခံရသူဦးရေ			အပြစ်ပေးခံရသည့် တရားခံဦးရေ		
		အကြိမ်	ဦးရေ	ကျား	မ	ပေါင်း	အကြိမ်	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁။	ကချင်	၁၃၃	၂၃၉၅၀	-	၂	၂	၁၃	-	၁၄	၁၄	၃	၇	၁၀
၂။	ကယား	၆၀	၇၉၂၂	-	-	-	-	-	-	-	-	-	-
၃။	ကရင်	၂၁၀	၂၉၉၈၀	၁၁၂၄	၂၉၆	၁၄၂၀	၆	၁၀	၂၂	၃၂	၁၆	၆	၂၂
၄။	ချင်း	၃၅	၇၆၄၃	-	-	-	-	-	-	-	-	-	-
၅။	စစ်ကိုင်း	၅၀၇	၁၀၀၂၆၉	-	၂	၂	-	-	-	-	-	-	-
၆။	တနင်္သာရီ	၆၉	၈၀၀၉	၁၁၉၇	၅၁၉	၁၇၁၆	၂၉	၈၇	၄၆	၁၃၃	၅၀	၈	၅၈
၇။	ပဲခူး	၁၄၇	၁၈၄၆၇	၂	၃၅	၃၇	၁	-	၁	၁	-	၁၀	၁၀
၈။	ပဲခူး(နောက်)	၂၀	၃၀၃၆	-	၁	၁	-	-	-	-	-	-	-
၉။	မကွေး	၇၉	၁၁၀၇၃	-	၂	၂	၁	-	၁	၁	-	-	-
၁၀။	မန္တလေး	၁၄၅၉	၃၇၈၉၄၆	-	၁၀	၁၀	၅	-	၁၂	၁၂	၅	၆	၁၁
၁၁။	မွန်	၃၈	၄၄၃၅	၂၃	၂၄	၄၇	၄	-	-	-	-	-	-
၁၂။	ရခိုင်	၉၃	၅၈၉၂	-	-	-	-	-	-	-	-	-	-
၁၃။	ရန်ကုန်	၁၈၆	၁၅၃၈၇	၅	၃၇	၄၂	၇	၁	၁၃	၁၄	၂	၄	၆
၁၄။	ရှမ်း(တောင်)	၄၄၈	၄၁၆၂၈	၁၅	၃၁	၄၆	၄	၂၀	၁၉၅	၃၉	၃	၁	၄
၁၅။	ရှမ်း(အရှေ့)	၃၆၄	၂၇၂၉၉	၃	၂၃	၂၆	၇	၄	၁၆	၂၀	၁၄	၄	၁၈
၁၆။	ရှမ်း(မြောက်)	၂၇၄	၃၆၂၅၃	-	၅၈	၅၈	၁၃	-	၅၀	၅၀	၁၇	၂၈	၄၅
၁၇။	ဧရာဝတီ	၄၉၇	၅၉၉၂၆	-	-	-	-	-	-	-	-	-	-
	စုစုပေါင်း	၄၆၂၀	၇၇၆၀၅၅	၂၃၆၉	၁၀၄၀	၃၄၀၉	၉၀	၁၂၂	၁၉၅	၃၁၇	၁၁၀	၇၅	၁၈၅

ပြုစုပျိုးထောင်ရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းတွင် လူကုန်ကူးမှုခံရသော အမျိုးသမီးများအား နှစ်သိမ့်ဆွေးနွေးခြင်း ၁၃၂၉ကြိမ်၊ လူဦးရေ ၂၇၁၁ဦး၊ အကြမ်းဖက်ခြင်း၊ လူကုန်ကူးခြင်းမခံရစေရန် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်း ၆၉၇ကြိမ်၊ လူဦးရေ (၂၀၉၂၁)ဦး၊ ထောက်ပံ့ခြင်း ၅၄၂ ကြိမ်၊ လူဦးရေ (၄၉၂၂)ဦးနှင့် မိဘရပ်ထံပြန်လည်ပို့ဆောင်ခြင်း ၁၉၉ ကြိမ်၊ လူဦးရေ (၅၇၂)ဦးတို့ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

စဉ်	ပြည်နယ်/ တိုင်း	နှစ်သိမ့်ဆွေးနွေးခြင်း		အသက်မွေး သင်တန်းပေးခြင်း		မိဘရပ်ထံပြန်ပို့ခြင်း		ထောက်ပံ့ခြင်း	
		အကြိမ်	ဦးရေ	အကြိမ်	ဦးရေ	အကြိမ်	ဦးရေ	အကြိမ်	ဦးရေ
၁။	ကချင်	၄၅	၅၆	၈	၃၇၈	၁၃	၁၅	၁၆	၆၃၈
၂။	ကယား	၁၀	၁၅	၆	၁၄၃	-	-	၁၄	၂
၃။	ကရင်	၂၆	၁၀၄	၂၆	၈၂၃	၃၄	၆၈	၆	၈
၄။	ချင်း	၁၈	၂၆	၁၀	၃၄၉	-	-	၂	၇
၅။	စစ်ကိုင်း	၁၀၈	၂၇၉	၁၄၈	၃၃၇၆	၃	၄	၁၄၆	၂၀၇၈
၆။	တနင်္သာရီ	၇၃	၁၃၉	၁၆	၄၀၀	၂၉	၉၁	၁၉	၁၁၉
၇။	ပဲခူး	၂၃	၂၀	၅၂	၁၇၉၅	၁၉	၄၂	၁၆	၆၈
၈။	ပဲခူး(နောက်)	၁၅	၄၂	၂	၃၀	၃	၉	၁၂	၃၀
၉။	မကွေး	၁၃	၁၃	၁၂	၂၉၅	၁	၁	၂၉	၅၀
၁၀။	မန္တလေး	၉၉	၁၃၄	၃၆၅	၄၉၃၆	၁၄	၅၄	၈	၅၉၄
၁၁။	မွန်	၄၂	၇၃	၂၃	၁၁၆၀	၆	၅၀	၂၃	၂၉
၁၂။	ရခိုင်	၅၃	၁၄၅	၂၀	၂၇၇	-	-	၅	၆
၁၃။	ရန်ကုန်	၂၆	၁၃၆	၁	၂	၂၈	၆၂	၃၈	၄၀၇
၁၄။	ရှမ်း(တောင်)	၂၁၀	၆၂၃	၁၅၉	၄၇၉၉	၁၃	၆၉	၁၁၁	၅၀၄
၁၅။	ရှမ်း(အရှေ့)	၄၁	၇၆	၂၄	၆၄၃	၈	၂၀	၉	၃၁
၁၆။	ရှမ်း(မြောက်)	၄၅၅	၅၇၁	၁၈	၂၅၈	၁၇	၇၅	၁၅	၁၀၇
၁၇။	ဧရာဝတီ	၆၇	၂၅၅	၇၂	၁၂၅၆	၁၁	၁၂	၇၃	၂၃၄
	စုစုပေါင်း	၁၃၂၉	၂၇၁၁	၉၆၇	၂၀၉၂၁	၁၉၉	၅၇၂	၅၄၂	၄၉၂၂

အမျိုးသမီးများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ပညာရေးလုပ်ငန်းတွင် ပညာသင်စရိတ် ထောက်ပံ့ခြင်း၊ လူဦးရေ ၂၀၆၉၉ဦး၊ တန်ဖိုးငွေ (၃၄၂)သိန်း၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံအတွက် ထောက်ပံ့ခြင်း လူဦးရေ ၆၄၁၇၄ဦး၊ တန်ဖိုးငွေကျပ် (၃၆၃ဒသမ၃)သိန်း၊ စေတနာညကျောင်းဖွင့်လှစ်ခြင်း ၁၂၂ကြိမ် လူဦးရေ (၁၂၅၃) ဦး၊ သက်ကြီးစာဖတ်ဝိုင်း ၁၀၅၀ကြိမ် လူဦးရေ (၂၅၆၄၇)ဦးနှင့် ပညာထူးချွန်သူ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား/ကျောင်းသူ ၁၇၂၈ဦးအား ကျပ် (၇၆ဒသမ၂)သိန်းကို ဆုချီးမြှင့်နိုင်ခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍

❍ စာမျက်နှာ ၅မှ

ပညာရေးလုပ်ငန်းဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	ပြည်နယ်/တိုင်း	ပညာသင်ထောက်ပံ့ခြင်း						စေတနာ ညကျောင်း		သက်ကြီးစာဖတ်ဝိုင်း စာသင်ဝိုင်း		ပညာထူးချွန်ဆု					
		ပညာသင်စရိတ်		စာရေးကိရိယာ		ဝတ်စုံ						မူလတန်း		အလယ်တန်း		အထက်တန်း	
		ဦးရေ	တန်ဖိုး	ဦးရေ	တန်ဖိုး	ဦးရေ	တန်ဖိုး	အကြိမ်	ဦးရေ	အကြိမ်	ဦးရေ	ဦးရေ	တန်ဖိုး	ဦးရေ	တန်ဖိုး	ဦးရေ	တန်ဖိုး
၁။	ကချင်	၁၈၆	၁၁၁၃၀၀၀	၅၄၇	၆၄၃၅၄၇	၃၁၁	၇၂၄၅၀၀	၅	၃၀၅	၇	၁၁၃	၁၃	၃၉၀၀၀	၁၁	၄၀၀၀၀	၂၀	၁၈၀၀၀၀
၂။	ကယား	၁	၅၄၉၀၀၀	၄၅၃	၃၀၂၂၇၀၀	၅၉၂	၃၈၈၀၀၀	၃	၃၉၃	၁၄	၁၆၁	၃	၃၀၀၀	၃	၄၅၀၀	၇	၅၃၀၀၀
၃။	ကရင်	၃၉	၁၈၂၅၀၀	၇၀၈	၆၀၉၇၀၀	၃၄၇	၈၉၄၀၀၀	၁၂	၈၈၃	၁၀	၃၁၀	-	-	-	-	၅	၃၄၀၀၀
၄။	ချင်း	၁၂၅	၂၄၆၃၀၀	၁၆၄	၁၂၁၁၉၀	၂	၅၆၀၀	၅	၄၇၉	၂	၆၀	-	-	၂	၈၀၀၀	၃	၃၀၀၀၀
၅။	စစ်ကိုင်း	၁၇၀၇	၃၀၁၅၅၅၀	၂၄၂၈	၂၀၈၈၇၁၅	၄၇၇	၉၉၉၂၈၆	၂၂	၁၄၈၉	၈၈	၁၅၄၈	၁၀၇	၂၀၄၀၀၀	၁၃၁	၄၁၄၀၀၀	၁၂၇	၉၈၃၅၀၀
၆။	တနင်္သာရီ	၃၃၂၆	၄၆၃၁၃၀၀	၁၁၅၄၁	၆၃၂၇၂၈၀	၁၆၂	၇၅၇၁၅၀	၁၈	၁၄၅၅	၅၁	၆၅၀	၃၄	၁၁၁၀၀၀	၄၆	၂၃၉၅၀၀	၄၂	၃၀၆၅၀၀
၇။	ပဲခူး	၈၁၉	၁၇၀၇၀၀၀	၇၆၇၂	၆၈၅၄၀၀၀	၁၅၀၉	၁၈၃၀၉၄၀	၁၆	၁၂၄၈	၅၆	၈၈၈	၈၄	၉၀၅၀၀	၁၀၀	၄၂၅၅၀၀	၅၈	၃၉၈၀၀၀
၈။	ပဲခူး(အနောက်)	၁၁၁	၁၉၈၀၀၀	၁၅၇	၂၀၀၄၀၀	၅၂	၁၉၂၀၀၀	၇	၃၆၅	၁၅	၂၈၅	၁၂	၅၆၅၀၀	၁၆	၉၇၅၀၀၀	၂၂	၁၅၃၁၁၀
၉။	မကွေး	၇၃၂	၁၀၈၅၄၀၀	၆၁၆	၇၁၄၅၀၄	၈၉	၁၀၀၀၀၀	၃	၁၃၀	၁၄	၂၀၀	၁၂	၁၃၃၀၀၀	-	-	၁၀	၇၇၂၀၀
၁၀။	မန္တလေး	၁၅၃၈	၃၅၂၀၅၈၅	၄၆၁၄	၉၈၃၉၃၇၅	၈၇၃	၂၃၂၉၇၇၀	၃၃	၁၅၃၅	၈၀	၁၁၃၁	၁၀၂	၂၂၄၇၄၀	၅၄	၁၉၂၅၂၀	၅၀	၃၂၀၉၀၀
၁၁။	မွန်	၁၁၆	၉၂၂၀၀၀	၇၂၇	၈၉၄၉၀၀	၈၅	၁၈၂၄၀၀	၁၂	၆၇၃	၁၀	၉၈	၁၁၆	၂၃၂၀၀၀	၃၄	၈၅၀၀၀	၃၄	၁၀၂၀၀၀
၁၂။	ရခိုင်	၂၀၆	၄၄၉၅၀၀	၁၀၄	၁၂၆၅၀၀	၆၂	၁၁၁၅၀၀	၁၈	၆၈၀	၄၉	၃၉၂	၂၉	၃၄၀၀၀	၂၄	၃၆၀၀၀	၁၅	၄၂၀၀၀
၁၃။	ရန်ကုန်	၆၆၇၇	၃၈၇၁၂၉၆	၉၄၅၉	၁၀၂၄၂၀၂၀	၆၅၀၁	၈၆၅၃၈၁၀	၁၅	၂၇၃	၁၅၅	၂၉၉၀	၂၆	၅၈၅၀၀	၁၉	၅၃၃၅၀	၈၈	၆၄၆၀၀၀
၁၄။	ရှမ်း(တောင်)	၁၉၃၁	၅၄၅၂၂၆၉	၂၀၉၈	၃၅၉၀၅၄၇	၃၇၄	၉၁၆၁၀၀	၁၈	၃၉၅	၃၀၁	၉၈၇၈	၈	၁၆၀၀၀	၃၉	၆၉၀၀၀	၆၁	၁၄၆၅၀၀
၁၅။	ရှမ်း(အရှေ့)	၈၄	၁၇၄၆၀၀	၄၇၉	၁၂၁၆၁၈၀	-	-	၇	၃၉၀	၂၇	၇၃၂၈	၃	၆၀၀၀	၁၇	၉၇၅၀၀	၁၅	၈၁၀၀၀
၁၆။	ရှမ်း(မြောက်)	၅၂၉	၁၉၂၄၅၀၀	၅၁၉၀	၂၁၆၇၀၇၀	၅၈၉	၁၆၉၅၀၀၀	၁၁	၁၁၇၇	၂၆	၂၇၁	-	-	-	-	၇	၄၀၀၀၀
၁၇။	ဧရာဝတီ	၂၅၇၂	၅၂၂၇၁၄၀	၄၇၈၉	၃၂၀၇၀၀၃	၁၈၁	၆၇၉၃၄၅	၁၇	၆၆၄	၁၄၅	၂၉၄၄	၁၆	၄၅၀၀၀	၄၀	၅၀၈၀၀	၄၃	၁၃၀၈၀၀
	စုစုပေါင်း	၂၀၆၉၉	၃၄၂၆၉၉၄၀	၅၁၇၆၆	၅၁၈၇၅၆၁၁	၁၂၄၀၈	၂၀၄၅၉၆၀၁	၂၂၂	၁၂၅၁၅	၁၀၅၀	၂၅၆၄၇	၅၈၅	၁၂၅၃၂၄၀	၅၁၆	၂၆၉၀၆၇၀	၆၀၇	၃၆၈၄၅၁၀

ကျန်းမာရေးလုပ်ငန်းတွင် HIV/AIDS ၊ ငှက်ဖျားရောဂါ၊အဆုတ်ရောဂါစသည့် ရောဂါကြီး သုံးမျိုးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်နှင့် တိုင်းအလိုက် ပညာပေးဆွေးနွေးခြင်း ၂၆၉၅၅ကြိမ်၊ လူဦးရေ(၁၃ဒသမ၂)သိန်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း ၂၀၄၉၇ကြိမ်၊ လူဦးရေ(၅ဒသမ၇)သိန်းနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လူဦးရေ (၂ဒသမ၈) သိန်း ပါဝင် ဆောင်ရွက်နိုင်ခဲ့သည်။

ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	ပြည်နယ်/တိုင်း	ကျန်းမာရေးပညာပေးလေ့ကျင့်ဆွေးနွေးပွဲ		ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင်ပါဝင်မှုဦးရေ	ဌာနဆိုင်ရာများနှင့် ပူးပေါင်းခြင်း	
		အကြိမ်ပေါင်း	ဦးရေ		အကြိမ်ပေါင်း	ဦးရေ
၁။	ကချင်	၄၉၃	၁၉၉၈၁	၁၃၂၂၆	၆၈၈	၁၃၆၃၁
၂။	ကယား	၂၆၆	၁၂၂၇၁	၂၃၀၅	၃၆၈	၆၀၇၉
၃။	ကရင်	၂၆၁	၆၉၆၇	၄၀၇၆	၅၉၂	၁၇၀၂၅
၄။	ချင်း	၁၈၉	၈၀၉၉	၂၂၂၀	၁၀၉	၁၅၇၅
၅။	စစ်ကိုင်း	၂၆၉၁	၉၆၆၆၈	၄၉၆၆၈	၁၅၂၂	၃၇၉၃၃
၆။	တနင်္သာရီ	၆၈၇	၅၅၈၄၂	၁၄၇၃၉၆	၇၂၀	၄၅၉၄၅
၇။	ပဲခူး	၇၄၃	၃၆၀၅၅	၁၇၀၉၆	၇၈၃	၁၄၂၆၂
၈။	ပဲခူး(အနောက်)	၂၄၃	၁၆၈၂၅	၉၂၂၂	၂၃၂	၄၁၃၂
၉။	မကွေး	၁၅၅၄	၅၉၇၉၃	၅၀၆၆၄	၂၉၇၆	၇၄၈၁၀
၁၀။	မန္တလေး	၇၃၂၀	၄၈၈၁၀၉	၃၆၉၀၀	၃၉၀၈	၁၈၈၃၅၂
၁၁။	မွန်	၄၅၂	၅၅၅၅၃	၄၄၆၀	၂၀	၆၈၆၉
၁၂။	ရခိုင်	၂၆၀	၉၉၃၃	၇၂၃၀	၃၀၂	၆၈၃၉
၁၃။	ရန်ကုန်	၁၂၄၈	၃၃၈၄၈	၁၄၁၅၈	၁၂၁၆	၁၇၀၂၀
၁၄။	ရှမ်း	၆၀၃၉	၂၁၅၆၁၄	၃၁၈၃၉	၃၇၂၂	၄၇၆၁၅
၁၅။	ရှမ်း(အရှေ့)	၉၃၀	၃၁၈၈၇	၅၈၆၉	၁၁၀၄	၁၄၄၁၁
၁၆။	ရှမ်း(မြောက်)	၁၁၃၈	၇၉၇၆၅	၉၆၆၁	၉၆၄	၄၅၃၁၂
၁၇။	ဧရာဝတီ	၂၄၄၀	၉၆၃၁၈	၁၃၉၈၄၁	၁၆၂၉	၂၉၉၁၆
	စုစုပေါင်း	၂၆၉၅၅	၁၃၂၃၆၁၆	၂၈၈၈၃၃	၂၀၄၉၇	၅၃၂၀၀၇

(သတင်းစဉ်)

ဝက်လက်မြို့နယ် သရိုင်ကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

အသိပညာပေးဟောပြော

ကျောက်ဆည်မြို့နယ် ပြည်ပန်းကျေးရွာတွင် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာ မိုးသူဝင်း HIV/AIDS ရောဂါ တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြူကြူလှနှင့် အမျိုးသမီးရေးရာအဖွဲ့များ သက်ကြီးစာဖတ်ဝိုင်းများသို့ သွားရောက်ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ကော့သောင်းမြို့နယ် ပုလုံးတုံးတုံးကျေးရွာတွင် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ စကားဝိုင်းများဖြင့် ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ် သိမ်ဇရပ် အထကတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ အထွေထွေစကားဝိုင်းများဖွဲ့၍ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဘားအံမြို့ ကရင်ဘော်ဒါဆောင်တွင် ဘားအံခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က စေတနာ ညနေခင်း စာသင်ဝိုင်း ဖွင့်လှစ်သင်ကြားစဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက် အခြေခံ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဝိုင်းဝန်းထိန်းသိမ်း

❀ ကျော့ဖုံးမှ

ယင်းသို့ လုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မဲခွဲသည့်အဆင့်တွင် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံနှင့် အလှည့်ကျအဖွဲ့ဝင် ၁၀နိုင်ငံ စုစုပေါင်းနိုင်ငံ ၁၅နိုင်ငံသာ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ကြားနေမဲပေးခွင့်ရှိပြီး အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံသာ ဗီတိုအာဏာသုံး၍ ပယ်ချခွင့်ရှိသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရေးအတွက် လုံခြုံရေးကောင်စီသို့ ဆုံးဖြတ်ချက်မူကြမ်း ပူးပေါင်းတင်သွင်းခဲ့သော အမေရိကန်နှင့် ဗြိတိန်တို့၏ မှုမမှန်သော တစ်ဖက်စောင်းနင်းလုပ်ရပ်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးကလည်း လုံးဝလက်မခံဘဲ ဇန်နဝါရီလ ၁၉ရက်နေ့တွင် ဆန့်ကျင်ကန့်ကွက်လိုက်ကြောင်း သိရသည်။

ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီးသည် ကိုလိုနီနယ်ချဲ့တို့အား တွန်းလှန်ပြီး လွတ်လပ်ရေးရယူခဲ့ကြသော အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတို့မှနိုင်ငံများ ပူးပေါင်းဖွဲ့စည်းထားသည့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့ကြီးဖြစ်သည်။ ၁၉၅၅ခုနှစ်၌ မြန်မာနိုင်ငံအပါအဝင် နိုင်ငံငါးနိုင်ငံ ဦးဆောင်ကျင်းပခဲ့သော ဘန်ဒေါင်းညီလာခံမှ ချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကိုအခြေခံပြီး ဘက်မလိုက် အခြေခံမူကြီး(၆)ချက် ချမှတ်ကျင့်သုံးကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးလျက်ရှိသည်။

ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂတွင် နိုင်ငံပေါင်း ၁၉၂နိုင်ငံ ပါဝင်ပြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တွင် နိုင်ငံပေါင်း ၁၁၈နိုင်ငံပါဝင်သည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံ ၁၁၇နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအဖြစ်လည်း ပါဝင်လျက်ရှိသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တွင် မြန်မာနိုင်ငံနှင့်အတူ အိမ်နီးချင်း နိုင်ငံများဖြစ်ကြသော အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်၊ အိမ်နီးချင်းနှင့် ဒေသတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဘရူနိုင်းနှင့် ဖိလစ်ပိုင်တို့လည်း ပါဝင်ကြပြီး အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက လေ့လာသူနိုင်ငံအဖြစ် ပါဝင်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရေးအတွက် လုံခြုံရေးကောင်စီကို ခုတုံးလုပ် အသုံးချရန် ကြိုးပမ်းအားထုတ်လာသော အမေရိကန်နှင့် ဗြိတိန်တို့၏ မှုမမှန်သော တစ်ဖက်စောင်းနင်းလုပ်ရပ်ကို ယခုကဲ့သို့ ဗီတို (Double Veto)သုံး၍ ကန့်ကွက်ပယ်ချလိုက်ခြင်းနှင့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံအားလုံးက ဆန့်ကျင်ကန့်ကွက်လိုက်ခြင်းသည် ကမ္ဘာ့နိုင်ငံအများစုကြီး၏ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား အမြတ်တနိုးတန်ဖိုးထားလေးစားမှုနှင့် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်မှုကို အထင်ကရပြဆိုလိုက်ခြင်းပင်ဖြစ်သည်ဟု နိုင်ငံတကာရေးရာ လေ့လာအကဲဖြတ်သူများအတွင်း ဝေဖန်သုံးသပ်နေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အများပြည်သူသိရှိရန်အသိပေးနှိုးဆော်ချက်

၁။ တရားမဝင် တင်သွင်း၍ ဖမ်းဆီး/တားဆီးထားသော အောက်ဖော်ပြပါ ဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါ ကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအာမခံချက်မရှိပါ ကြောင်းအသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Xanax (Alprazolam) 0.25 mg Tablet	Phamacia Pakistan(Pvt), Ltd.	Pakistan
၂။	Wyeth/Ativan(Lorazepam) 2mg	Spencer Pharma (Pvt) Ltd. Karachi	Pakistan
၃။	Syntocinon (Synthetic Oxytocin 50xlml	Novartis Pharma Pakistan	Pakistan

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန်နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အင်္ဂလိပ်စာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ အင်္ဂလိပ်စာဌာနများမှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ရက်(တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ဖုန်း-၅၀၁၅၄၇၊ မကက်သလင်းသိန်း ဖုန်း-၀၉-၅၀၁၅၁၇၅၊ မအေးမွန်(ခ) Alice ဖုန်း-၀၉-၅၁၁၉၈၅၈၊ ကိုမြတ်သူဝင်း ဖုန်း-၀၉-၅၁၀၃၇၂၅၊ ၂၂၂၉၂၃၊ ကိုအုန်းဝမ် ဖုန်း- ၅၂၆၁၇၃၊ ၅၂၆၀၉၆၊ ကိုဇော်ဝင်း ဖုန်း - ၀၉-၅၁၂၈၈၅၉၊ ၆၆၇၇၉၀နှင့် ကိုအောင်နိုင်မိုး ဖုန်း-၀၉-၅၀၂၀၄၇၈၊ ၅၄၉၆၄၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မိတ်ဆုံညစာစားပွဲကို ကန်တော်ကြီးဥယျာဉ် Dolphin စားသောက်ဆိုင်၌ ဖေဖော်ဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) ညနေ၅နာရီတွင် ကျင်းပမည်ဖြစ်၍ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် တည်ငြိမ်ခိုင်မာသည့် ထာဝရတည်တံ့သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထေ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး စစ်မှန်စွာပြစ်ထွန်းလာစေရေး လိုအပ်သည့်အခြေခံကောင်းများ

☆ ရွှေဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်းအမှတ်စဉ်(၃၈)မှ သင်တန်းကြီးကြပ်သူ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကားမြွက်ကြားရာတွင် မောင်တို့မယ်တို့သည် မကြာမီသောကာလတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်က ပညာရေးဘွဲ့ဒီဂရီရရှိပြီး မိမိတို့ဇာတိရပ်ရွာဖြစ်သည့် နယ်စပ်ဒေသများကို ပြန်လည်သွားရောက်တာဝန်ထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား၊ သင်တန်းသူများနှင့် ကြီးကြပ်သူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ဤကဲ့သို့ အမိတက္ကသိုလ်ကခွဲခွာပြီး မိမိတို့ဇာတိနယ်စပ်ဒေသများ၌ ပြန်လည်တာဝန်ထမ်းဆောင်ကြသည့်အခါတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီး၏ ထူးခြားမွန်မြတ်သော ရည်ရွယ်ချက်များကို ရှင်းလင်းပြတ်သားစွာ နားလည်ခံယူနှလုံးသွင်းပြီး ဤရည်ရွယ်ချက်များပြည့်မြောက်စေရအောင် ရည်မှန်းချက်ရှိရှိ ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပညာရေးဝန်ထမ်းများမွေးထုတ်ပေးရေး

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ အဓိကရည်ရွယ်ချက်သည် ဝေးလံခေါင်ဖျားပြီး ဖွံ့ဖြိုးမှုနောက်ကျနေခဲ့သည့် နယ်စပ်ဒေသများက တိုင်းရင်းသားလူမျိုးများအားလုံး ပညာတတ်မြောက်စေရန်၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဘာသာ ဆောင်ရွက်နိုင်စွမ်းရှိသည့် အဖိုးတန် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးမည့် ပညာရေးဝန်ထမ်းများ မွေးထုတ်ပေးရေးပင်ဖြစ်ကြောင်း။

တစ်နည်းပြောရလျှင် ဒေသခံတိုင်းရင်းသားလူငယ်များကို ခေတ်ပညာတတ် ဆရာ၊ ဆရာမများဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းအားဖြင့် ဒေသရှိ ကလေးငယ်များ၊ လူငယ်များကစ၍ တိုင်းရင်းသားလူမျိုးများအားလုံးကို ပညာတတ်မြောက်အောင် ထပ်ဆင့်သင်ကြားပေးနိုင်ပြီး ဒေသ၏ ပညာရေးအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဤပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ထူထောင်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း။

ယခင်သောကာလများက နယ်စပ်ဒေသများသည် အတွင်းပိုင်းဒေသများနှင့် အဆက်ပြတ်နေခဲ့ခြင်းကြောင့် ဒေသခံကလေးငယ်များအတွက် ပညာသင်ကြားခွင့် ဆုံးရှုံးခဲ့ရကြောင်း၊ ပညာမတတ်သည်နှင့်အမျှ မိမိရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်စွမ်းအားနည်းခဲ့ရပြီး နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အတွင်းပိုင်းဒေသများနှင့် ကွာဟလာခဲ့ရကြောင်း။

ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းအောင်

ထို့ကြောင့် **မိမိတို့လက်ထက်တွင် ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းပပျောက်စေရအောင်၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ညီညွတ်မျှတစွာ တိုးတက်စေရအောင်၊ တိုင်းရင်းသားလူမျိုးများအားလုံး ဆူကြုံနိမ့်မြင့်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ပြီး ရည်မှန်းချက်ရှိရှိ ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။**

ဤဒေသဖွံ့ဖြိုးရေးစီမံကိန်းများအရ ပြည်ထောင်စုကြီး၏ နယ်မြေဒေသတိုင်း၌ ပညာသင်ယူရေး အခွင့်အလမ်းများရှိစေရအောင်၊ အဆင့်မြင့်ပညာတက်လှမ်းသင်ယူခွင့်ရရှိစေရအောင်၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မြင့် ရရှိခံစားနိုင်စေရအောင် စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံ၊ ဆေးပေးခန်းများကို ဒေသတိုင်း၌ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသတိုင်း၌ ဒေသခံလူငယ်များကို စာတတ်မြောက်အောင် သင်ကြားပေးရင်း ဗဟုသုတနှင့်လည်း ပြည့်စုံအောင်၊ ကျန်းမာရေးအသိလည်းရှိအောင် လေ့ကျင့်ပညာပေးကြရန်လိုကြောင်း၊ ဒေသတိုင်း၌ ပညာတတ်များပေါ်များလာပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်ပါမှ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးလာမည်ဆိုသည့် ခံယူချက်ဖြင့် ပညာရေးဆိုင်ရာတာဝန်များကို တက်တက်ကြွကြွ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စည်းရုံးဦးဆောင်ပေးရန်လို

ဆရာဆိုသည်မှာ လူထုနှင့် နေ့စဉ်ထိတွေ့နေရသည့်အပြင် လူထုအပေါ် ကောင်းသောသြဇာသက်ရောက်နိုင်သည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ဤကောင်းသောသြဇာကို အပြုသဘောဖြင့် အသုံးပြုပြီး ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်အောင်၊ ဒေသခံလူငယ်များ ပညာတတ်အောင် စည်းရုံးဦးဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသခံ တိုင်းရင်းသားပြည်သူများအကြားတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ တိုးပွားခိုင်မာစေဖို့ စည်းရုံးဦးဆောင်ပေးရန်လိုကြောင်း။

မိမိတို့ တိုင်းရင်းသားလူမျိုးများသည် လူမျိုးပေါင်းတစ်ရာကျော် ပွားစည်းဖြစ်ထွန်းလာခဲ့သော်လည်း တစ်နေရာတည်း၊ ဒေသတစ်ခုတည်း၌ လူမျိုးတစ်မျိုးတည်း သီးသီးခြားခြားနေထိုင်ကြ... ကြီး၏ နယ်မြေအနှံ့အပြား၌ ပေါင်းစုရောယှက်...

ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုး... စိတ်ဝမ်းမကွဲမပြားနှင့် ချစ်ချစ်ခင်ခင်နေထိုင်လာ... ကောင်း၊ စိတ်ဓာတ်ကောင်းကို ပိုမိုခိုင်မာလာ... အစဉ်ထာဝရကြံ့ခိုင်ဆောင်ရင်း ပြည်ထောင်စုကြီ... တလုံးတည်းရှိနေအောင် မိမိတို့ တိုင်းရင်းသား... ကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိကြော...

အမျိုးသားရေးမူဝ...

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား... အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသ... ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနှင့် ... မူဝါဒဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍတွင် သင်ကြားမှု... စေရန် မာလ်တီမီဒီယာစာသင်ခန်းများကို ... ဖွင့်လှစ်ထားပြီးဖြစ်သည်။ ချင်းပြည်နယ် ဟ... မီဒီယာစာသင်ခန်း၌ ကျောင်းသား၊ ကျောင်... နေသည်ကို ဤသို့တွေ့ရသည်။

ဤအမျိုးသားရေးမူဝါဒအပေါ် တိုင်းရင်း... သက်ဝင်ကြသည်နှင့်အမျှ ပြည်ထောင်စုကြီး... အောင်၊ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစော... ဖြစ်ကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့်... အမျိုးသားရေးမူဝါဒကို ခိုင်မာသည်ထက်ခိုင်... တိုင်းရင်းသားလူမျိုးများအကြား ပြည်ထောင်... စည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ ပေါက်ဖွား... စေ့ဆော်ကြိုးပမ်း ဆောင်ရွက်နေကြရန်လိုကြေ...

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်... ထွန်းကားခိုင်မာမှ နိုင်ငံတည်ငြိမ်အေးချမ်းမ...

ပြည်ထောင်စုကြီး၏ နယ်မြေဒေသတိုင်းတွင် ပညာသင်ယူမှု အခွင့်အလမ်းများရရှိစေရေးနှင့် အဆင့်မြင့်ပညာ တက်လှမ်းသင်ယူခွင့်ရရှိစေရေးအတွက် နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ဘားအံတက္ကသိုလ်ပင်မအဆောက်အအုံကို ဤသို့ ခံ့ညားစွာတွေ့ရသည်။

- ❒ ဤကဲ့သို့ နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်ရေးအပေါ်တွင် လုံးဝ ဉသုံ တည်မှီနေ၊
- ❒ ဤမူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တိုင်းရင်းသားလူမျိုးအားလုံး၏ စည်းလုံးညီညွတ်မှု၊ မျှတစွာ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရေရှည်အာမခံနိုင်မည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရန် အမျိုးသားညီလာခံကြီး၌ တိုင်းရင်းသားပြည်သူများ၏ ကိုယ်စားလှယ်များ ပါဝင်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေ။

တိုးတက်သည့် ပြည်ထောင်စုကြီးဖြစ်လာရေး ဆောင်ရွက်ပေးနေ
သည့်အခြေခံကောင်းများကို အခိုင်အမာ တည်ဆောက်ထားနိုင်ရန်လို

လူမျိုးတစ်မျိုးတည်း သီးသီးခြားခြားနေထိုင်ကြခြင်းမဟုတ်ဘဲ ပြည်ထောင်စုကြီး၏ နယ်မြေအနှံ့အပြား၌ ပေါင်းစုရောယှက် နေထိုင်လျက်ရှိကြကြောင်း။

ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများသည် တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းမကွဲမပြားနှင့် ချစ်ချစ်ခင်ခင်နေထိုင်လာခဲ့ကြကြောင်း၊ ဤအစဉ်အလာကောင်း၊ စိတ်ဓာတ်ကောင်းကို ပိုမိုခိုင်မာလာအောင်၊ တောင့်တင်းလာအောင် အစဉ်ထာဝရကြံဆောင်ရင်း ပြည်ထောင်စုကြီးကိုလည်း အမြဲတမ်း တစည်းတလုံးတည်းရှိနေအောင် မိမိတို့ တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိကြောင်း။

အမျိုးသားရေးမူဝါဒ

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍတွင် သင်ကြားမှုသင်ယူမှု အဆင့်မြင့်မားလာစေရန် မာလ်တီမီဒီယာစာသင်ခန်းများကို တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်ဖွင့်လှစ်ထားပြီးဖြစ်သည်။ ချင်းပြည်နယ် ဟားခါးမြို့ အထက မာလ်တီမီဒီယာစာသင်ခန်း၌ ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားနေသည်ကို ဤသို့တွေ့ရသည်။

ဤအမျိုးသားရေးမူဝါဒအပေါ် တိုင်းရင်းသားလူမျိုးအားလုံးက ယုံကြည်သက်ဝင်ကြသည်နှင့်အမျှ ပြည်ထောင်စုကြီးကို တည်ငြိမ်အေးချမ်းသာယာအောင်၊ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် ရောက်လေရာဒေသတိုင်း၌ အမျိုးသားရေးမူဝါဒကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်ရင်း တိုင်းရင်းသားလူမျိုးများအကြား ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ ပေါက်ဖွားရှင်သန်နေစေရေး အမြဲမပြတ်စေ့ဆော်ကြိုးပမ်း ဆောင်ရွက်နေကြရန်လိုကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားခိုင်မာမှ နိုင်ငံတည်ငြိမ်အေးချမ်းမည်၊ နိုင်ငံတည်ငြိမ်အေးချမ်းမှ ဒေသတိုင်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်မည်၊ ဤသဘောတရားကို တိုင်းရင်းသားလူမျိုးများအားလုံး နားလည်ခံယူကြရန် မောင်တို့မယ်တို့က စည်းရုံးစေ့ဆော်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တည်ငြိမ်ခိုင်မာသည့် ထာဝရတည်တံ့သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးဖြစ်လာရေး ကြိုးပမ်းဆောင်ရွက်ပေးနေကြောင်း။

လုံးဝဥဿုံတည်မှီ

ဤကဲ့သို့ နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်ရေးအပေါ်တွင် လုံးဝဥဿုံ တည်မှီနေကြောင်း။

ဤမူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တိုင်းရင်းသားလူမျိုးအားလုံး၏ စည်းလုံးညီညွတ်မှု၊ မျှတစွာ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရေရှည်အာမခံနိုင်မည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရန် အမျိုးသားညီလာခံကြီး၌ တိုင်းရင်းသားပြည်သူများ၏ ကိုယ်စားလှယ်များ ပါဝင်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

အမျိုးသားညီလာခံကြီး၏ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုနှင့် ယှဉ်တွဲပြီး နိုင်ငံတော်အတွင်း၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး စစ်မှန်စွာဖြစ်ထွန်းလာစေရေး



နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်အစွန်အဖျားဒေသများပါမကျန် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများရရှိစေရန်နှင့် တိုင်းရင်းသားအားလုံး အသိအမြင် ဗဟုသုတကြွယ်ဝစေရန် ဂြိုဟ်တုဆက်သွယ်ရေးစခန်းနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများကို နယ်စပ်ဒေသများ၌ ထူထောင်ပေးလျက်ရှိရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဂြိုဟ်တုဆက်သွယ်ရေးစခန်းကို တွေ့ရစဉ်။

သည့်အတွက် နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှုအခြေခံကောင်းများ ယနေ့ရရှိထားပြီဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် နိုင်ငံတော်အတွင်း တောင့်တင်းခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းနေစေရန်လိုကြောင်း၊ အမျိုးသားစီးပွားရေးနေအင်အား ခိုင်မာတောင့်တင်းမှသာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း။

အတွက် လိုအပ်သည့်အခြေခံကောင်းများကို အခိုင်အမာတည်ဆောက်ထားနိုင်ရန်လိုကြောင်း။

အခြေခံကောင်းများရရှိထား

ပထမအချက်အနေဖြင့် နိုင်ငံတော်အတွင်း၌ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများ ခိုင်ခိုင်မာမာဖြစ်ထွန်းနေရန်လိုကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်ဖြစ်ထွန်းနေပါမှ နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းသာယာနေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့

နိုင်ငံတော်အတွင်း နယ်စပ်ဒေသများပါမကျန် နယ်မြေဒေသအားလုံး၌ စီးပွားရေးအခြေခံကောင်းများဖြစ်ထွန်းစေရန် လမ်းမကြီးများနှင့် မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို တည်ဆောက်ပေးလျက်ရှိရာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကို ဆက်သွယ်ပေးသည့် ဂျိုင်း(ဇာသပြင်) တံတားကို တွေ့ရစဉ်။

နိုင်ငံတော်၏ စီးပွားရေးအင်အားကောင်းရန်ဆိုရာတွင် နိုင်ငံတော်အတွင်း နယ်စပ်ဒေသများပါမကျန် နယ်မြေဒေသအားလုံး၌ စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းစေရန်အတွက် လမ်းမကြီးများ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ လျှပ်စစ်ဓာတ်အားစီမံကိန်းများ စသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို နိုင်ငံတော်က လုံလုံလောက်လောက် တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း။

ထို့အပြင် နယ်စပ်ဒေသများ၌ လမ်းများ၊ တံတားများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးစခန်းများ၊ အသေးစား လျှပ်စစ်ဓာတ်အား စီမံကိန်းများ စသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသလိုအပ်ချက်နှင့်အညီ တည်ဆောက်ပေးလျက်ရှိကြောင်း။

တာဝန်ကျရပ်ရွာတိုးတက်ရေး

မောင်တို့မယ်တို့ အနေဖြင့်လည်း မိမိတို့တာဝန်ကျရာဒေသ၌ စီးပွားရေးအခြေခံကောင်းများ တိုးတက်လာအောင် ပါဝင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသခံ တိုင်းရင်းသားများကို အသိအမြင် ဗဟုသုတကြွယ်ဝအောင်၊ အမြင်ကျယ်အောင် ပညာပေး စည်းရုံးပြီး ကျေးလက်ဒေသ၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး လုပ်ငန်းများကို ခေတ်နှင့်ညီအောင် ဖွံ့ဖြိုးအောင် ကူညီဆောင်ရွက်ပေးကြရမည်။ လူထု၏ အသက်မွေးမှု အခြေခံများကို မြှင့်တင်ပေးနိုင်ရမည်။ ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှု ပုံစံဖြစ်လာရေးကအစ လူမှုဘဝမြင့်မားရေး၊ ကျေးလက်စီးပွားတိုးတက်ရေးအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုရင်း ဆင်းရဲနွမ်းပါးမှုလျော့နည်းအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ တာဝန်ကျရာ ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစီးဦးဆောင်ပြု ဆောင်ရွက်ကြရေးသည် မောင်တို့မယ်တို့အတွက် အမိဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးက ပေးအပ်လိုက်သည့် တာဝန်တစ်ရပ်ဖြစ်သည်ဟုခံယူပြီး မဆုတ်မနစ် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

တတိယအချက်အနေဖြင့် ခိုင်မြဲသည့် ပြည်ထောင်စုကြီးဖြစ်စေရေးအတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို မှန်ကန်စွာအသုံးပြုနိုင်စေရအောင် တိုင်းရင်းသားပြည်သူများ၏ ပညာရေးအခြေခံများ မြင့်မားရန် လိုကြောင်း၊ ပညာတတ်မှသာ နိုင်ငံအတွက် မှန်မှားကောင်းဆိုး အကျိုးအပြစ်ကို မှန်ကန်စွာ ရွေးချယ်နိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်အစွန်အဖျားဒေသများပါမကျန် ပညာသင်ယူနိုင်မှုအခွင့်အလမ်းများရရှိစေရအောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ အလားတူပင် တိုင်းရင်းသားလူမျိုးများအားလုံး အသိအမြင်ဗဟုသုတကြွယ်ဝစေရအောင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဌာနများကို နယ်စပ်ဒေသများ၌ ထူထောင်ပေးနေခြင်းဖြစ်ကြောင်း။

လက်တွဲကြိုးပမ်း

ယနေ့ အချိန်အခါကာလသည် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအား အပြည့်အဝဖြင့် မိမိရပ်ရွာ၊မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရအောင် ဘိုးဘွားအမွေဖြစ်သည့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရအောင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲကြိုးပမ်း ဆောင်ရွက်ကြရမည့် အချိန်အခါကောင်းဖြစ်ကြောင်း။

ဤကဲ့သို့ အချိန်အခါမျိုးတွင် မောင်တို့မယ်တို့အနေဖြင့် အစဉ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မြဲမြဲနဲ့ မှန်ကန်တဲ့ဦးဆောင်မှုကို ခံယူပြီး ဦးထမ်းပဲ့ထမ်းဆောင်ရွက်နေတဲ့အတွက် နိုင်ငံနှင့်အဝန်း နယ်စပ်ဒေသမကျန် ဖွံ့ဖြိုးလာ

❒ စာမျက်နှာ ၉ မှ

ထာဝရ တည်တံ့ခိုင်မြဲသည့် ပြည်ထောင်စုကြီးဖြစ်စေရေး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာစေရေးအတွက် လိုအပ်သည့်အခြေခံကောင်းများ တစ်နိုင်ငံလုံး ဖြန့်ကြက်ဖြစ်ထွန်းနေစေရမည်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုက်ကြောင်း။

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ–

- **မောင်တို့မယ်တို့အနေဖြင့် မိမိတာဝန်ကျရာ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပွားများဖြစ်ထွန်းစေရအောင် စည်းရုံးဦးဆောင် ဆောင်ရွက်ပေးကြပါ**

ဟု တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား၊ သင်တန်းသူများကိုယ်စား ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မှ ဓနုတိုင်းရင်းသား မောင်အောင်သန်းဌေးက ဂါရဝပြုစကားပြောကြားရာတွင် သားကတော့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့ (၄)နှစ်သင်တန်း သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား၊ သင်တန်းသူ အားလုံးရဲ့ ကိုယ်စား ဂါရဝပြုစကားပြောကြားခွင့်ရတဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ်မှ ဓနုတိုင်းရင်းသား မောင်အောင်သန်းဌေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ မိန့်မှာချက်တွေကို ဘဝအတွက် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး သားတို့ အလေးအနက်ထား လိုက်နာဆောင်ရွက်သွားပါမယ်လို့ ရိုသေစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

နယ်စပ်ဒေသမှာနေထိုင်တဲ့ တိုင်းရင်းသားလူငယ်တွေကို ပညာတတ်မြောက်ပြီး အရည်အချင်းပြည့်ဝတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖြစ်လာစေဖို့ ရည်ရွယ်ပြီး တည်ထောင်ဖွင့်လှစ်ထားတဲ့ အမိဖွံ့ဖြိုးရေးတက္ကသိုလ်မှာ နိုင်ငံတော်ရဲ့ ပြုစုစောင့်ရှောက်မှုနဲ့ သားတို့ ပညာဆည်းပူးခဲ့ကြတာ မကြာခင်မှာ ပညာရေးဘွဲ့ကိုဆွတ်ခူးပြီး နိုင်ငံတော်က ပေးအပ်တဲ့တာဝန်တွေကို ထမ်းဆောင်ခွင့်ရတော့မှာ ဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်ရချိန်မှာ နိုင်ငံတော်က

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ် (၃၈)မှ သင်တန်းသား၊ သင်တန်းသူများကိုယ်စား ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မှ ဓနုတိုင်းရင်းသား မောင်အောင်သန်းဌေး ဂါရဝပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

တည်ဆောက်ရာမှာ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးလာအောင် မလွဲမသွေပျိုးထောင်ဖို့ လိုအပ်တဲ့အတွက် နိုင်ငံတော်အစိုးရက မျှော်မှန်းဆောင်ရွက်နေတဲ့ ပညာရေးလုပ်ငန်းစဉ်တွေအပေါ် နားလည်သဘောပေါက်စွာနဲ့ သားတို့တပည့်တွေကို မိမိနိုင်ငံနဲ့ ဒေသအကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်

သားအချင်းချင်း သွေးကွဲပြီး ပြည်ထောင်စုကြီးပါ ပြိုကွဲသွားအောင် နည်းမျိုးစုံနဲ့ သွေးထိုးနှောင့်ယှက် ဟန့်တားမှုတွေ လုပ်နေကြပါတယ်။ စည်းလုံးညီညွတ်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်းသာလျှင် သားတို့နိုင်ငံရဲ့ ကောင်းကျိုးအဖြာဖြာကို ပေးစွမ်းနိုင်မယ်လို့ တိုင်းရင်းသားအားလုံးက ယုံကြည်ထားကြတဲ့အတိုင်း စည်းလုံးညီညွတ်မှ ပြီးပြည့်စုံတဲ့ အောင်မြင်မှုကိုရမယ်ဆိုတဲ့အသိနဲ့ နိုင်ငံတော်ရဲ့ ဦးဆောင်မှုကို ဆက်လက်ခံယူပြီး သားတို့မျှော်မှန်းထားတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီ မရောက်ရောက်အောင် တိုင်းရင်းသားအားလုံးက ကြိုးပမ်းတည်ဆောက်သွားကြမှာ ဖြစ်ပါတယ်။ သားတို့နိုင်ငံ တိုးတက်ဖြစ်တည်နေဖို့ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုဟာ အလွန်အရေးပါနေတဲ့အတွက် အနာဂတ် နိုင်ငံတော်ရဲ့တာဝန်တွေကို ပခုံးပြောင်းထမ်းဆောင်ကြမယ့် သားတို့ တပည့်တိုင်းရင်းသားလူငယ်တွေ ပြည်ထောင်စုစိတ်ဓာတ်အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းသွားနိုင်အောင် ပညာသင်ကြားပေးရင်း သားတို့ ပျိုးထောင် တည်ဆောက်ပေးသွားပါ့မယ်ခင်ဗျား။

အမိဖွံ့ဖြိုးရေးတက္ကသိုလ်မှာ လေးနှစ်တာ ပညာဆည်းပူးနေစဉ်ကာလအတွင်း သားတို့ဟာ နိုင်ငံတော်ရဲ့ ပြုစုပျိုးထောင်မှုကို အပြည့်အဝ ခံယူခဲ့ကြရပါတယ်။ သင်တန်းကာလအတွင်း သားတို့ကို နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်နဲ့ ရည်ရွယ်ချက်တွေကို နားလည်သဘောပေါက်တဲ့ ယုံကြည်ချက်၊ ခံယူချက် ခိုင်မာသူတွေဖြစ်အောင် လေ့ကျင့်ပေးခဲ့သလို ဒို့တာဝန်အရေး (၃)ပါးကို ထိန်းသိမ်းလိုက်နာ ကာကွယ်စောင့်ရှောက်နိုင်တဲ့ ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းတွေ ဖြစ်လာအောင်လည်း စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။ သားတို့အနေနဲ့ နိုင်ငံတော်က ပြုစုပျိုးထောင်ထားတဲ့ သားကောင်း သမီးမွန်များပီသစွာ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ပြီး နိုင်ငံတော်ရဲ့ ကျေးဇူးတရားတွေကို ပြန်လည်ပေးဆပ်သွားပါ့မယ်လို့ ဥက္ကဋ္ဌကြီးနဲ့ အကြီးအကဲများ ရှေ့မှောက်မှာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျားဟု ဂါရဝပြုပြောကြားသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ် (၃၈)မှ သင်တန်းသား၊ သင်တန်းသူများကိုယ်စား ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်မှ ရှမ်း တိုင်းရင်းသူ မနန်းသီတာဝင်းမောင် ဂါရဝပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူတွေရဲ့အသိပညာ၊ စီးပွားရေး၊ လူမှုရေး မျှမျှတတဖွံ့ဖြိုးလာ တစ်ဦးနဲ့တစ်ဦး နားလည်ခွင့်လွှတ်မှု၊ ချစ်ခင်လေးစားမှုနဲ့ ခိုင်မာတဲ့စည်းလုံးညီညွတ်မှုဖြစ်ပေါ်

သားတို့အပေါ်ထားရှိတဲ့စေတနာကို အလေးအနက်ခံယူပြီး ကျေးဇူးတရားကို စောင့်သိသူတွေအဖြစ်နဲ့ ပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်အောင် တစိုက်မတ်မတ် ထမ်းဆောင် သွားပါမယ်လို့ ကတိပြုအပ်ပါတယ်ခင်ဗျား။

ပညာရေးကဏ္ဍမြှင့်တင်

သားတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ် ရောက်ရှိအောင် နိုင်ငံတော်အစိုးရက မနားမနေ ကြိုးပမ်းတည်ဆောက်ပေးနေရာမှာ နိုင်ငံနဲ့လူမျိုး အစဉ်ရှင်သန် ဖွံ့ဖြိုးနေနိုင်အောင် အခြေခံကျတဲ့ ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးနေပါတယ်။ နိုင်ငံသားတိုင်း ပညာရည်မြင့်မားမှ မှန်ကန်တဲ့အတွေးအခေါ်တွေရရှိပြီး မိမိနိုင်ငံနဲ့လူမျိုး တိုးတက်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြမှာဖြစ်လို့ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးကို မျှော်မှန်းပြီး နှစ်တိုနှစ်ရှည် ပညာရေးစီမံကိန်းတွေ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။ တစ်ဖက်မှာလည်း နယ်မြေဒေသအသီးသီးက ဒေသခံလူငယ်တွေကို အဆင့်မြင့်ပညာတွေ သင်ကြားပေးပြီး ဒေသခံလူငယ်တွေရဲ့ စွမ်းအားကို ရယူလာနိုင်တာနဲ့အမျှ ခေတ်မီနိုင်ငံတော်သစ်ကို ထူထောင်သွားနိုင်မယ်လို့ ယုံကြည်တဲ့အတိုင်း နိုင်ငံတော်အစိုးရအနေနဲ့ နယ်မြေဒေသအသီးသီးမှာ အဆင့်မြင့်ပညာတွေသင်ယူနိုင်အောင် အခြေအနေတွေ ဖန်တီးပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့အတွက် နှစ်စဉ် တက္ကသိုလ်နဲ့ ကောလိပ်အသီးသီးမှာ တိုးတက်ပညာသင်ယူနိုင်ခဲ့ကြပြီး ဒီနေ့မှာ ဒေသခံ ပညာတတ်လူငယ်တွေရဲ့စွမ်းအားနဲ့ ဒေသအသီးသီးရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေး လုပ်ငန်းတွေကို ဖွံ့ဖြိုးအောင် ဆောင်ရွက်နေနိုင်ကြပြီဖြစ်လို့ ကဏ္ဍအသီးသီးမှာ အခြေခံကောင်းတွေနဲ့ တိုးတက်နေတဲ့ နိုင်ငံတော်ကြီးကို သားတို့ ပြည်သူတစ်ရပ်လုံး အားတက်ဖွယ် မြင်တွေ့နေကြရပြီဖြစ်ပါတယ်။ ခေတ်မီနိုင်ငံတော်သစ်ကို

တဲ့ ပညာတတ်လူငယ်တွေဖြစ်လာအောင် စိတ်စေတနာ အပြည့်နဲ့ ပျိုးထောင်သွားပါ့မယ်ခင်ဗျား။

ပျိုးထောင်တည်ဆောက်မည်

တိုင်းရင်းသားတွေ စုပေါင်းနေထိုင်တဲ့ သားတို့နိုင်ငံမှာ ရှေးယခင် နှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသား ညီအစ်ကိုတွေဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက် လက်တွဲကြီးပြင်းလာကြပြီး တစ်ဦးနဲ့တစ်ဦး ယုံယုံကြည်ကြည် ချစ်ချစ်ခင်ခင်နဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး ပူးပေါင်းနေထိုင်ခဲ့ကြပါတယ်။ ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့စိတ်နဲ့ ခိုင်မာတောင့်တင်းတဲ့ နိုင်ငံတော်ကြီးတွေကို ထူထောင်ခဲ့ကြသလို ပြည်ထောင်စုကြီးကို အစွန့်ရှည်တည်တံ့ခိုင်မြဲစေလိုတဲ့စိတ်နဲ့ နိုင်ငံအပေါ် ကျရောက်လာတဲ့ အန္တရာယ်တွေကို စုပေါင်းကာကွယ်ခဲ့ကြပါတယ်။ ဘိုးဘွားတွေလက်ဆင့်ကမ်းခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ် အစဉ်အလာကောင်းကို ထိန်းသိမ်းပြီး ဒီနေ့မှာ နိုင်ငံတော်အစိုးရက တိုင်းရင်းသားညီအစ်ကိုတွေရဲ့ စည်းလုံးမှုအားနဲ့ ပြည်သူတစ်ရပ်လုံး မျှော်မှန်းနေတဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို မဆုတ်မနစ် ထူထောင်ပေးနေပါတယ်။ တိုင်းရင်းသားညီအစ်ကိုတွေကလည်း တိုင်းရင်းသားအချင်းချင်းသာ ဆိုးတူကောင်းဖက်၊ အေးအတူပူအမျှ သေအတူရှင်မကွာဖြစ်တယ်ဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မြဲမြဲနဲ့ မှန်ကန်တဲ့ အစိုးရရဲ့ ဦးဆောင်မှုကိုခံယူပြီး ဦးထမ်းပဲ့ထမ်း ဆောင်ရွက်နေကြတဲ့အတွက် နိုင်ငံနဲ့အဝန်း နယ်စပ်ဒေသတွေပါမကျန် ဖွံ့ဖြိုးမှုအခြေခံကောင်းတွေ အစီအရီဖြစ်ထွန်းလာတာဟာ တကယ့်အမှန်တရားပဲ ဖြစ်ပါတယ်။ ဒီအချိန်မှာ သားတို့နိုင်ငံ တိုးတက်မှာကို မလိုလားတဲ့ ပြည်ပနိုင်ငံနဲ့ အဖွဲ့အစည်းတချို့ဟာ တိုင်းရင်း

ဂုဏ်ယူမဆုံး

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား၊ သင်တန်းသူများကိုယ်စား ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်မှ ရှမ်း တိုင်းရင်းသူ မနန်းသီတာဝင်းမောင်က ဂါရဝပြုစကား ပြောကြားရာတွင် သမီးကတော့ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၄)နှစ် သင်တန်း သင်တန်းအမှတ်စဉ်(၃၈)ရဲ့ ဂါရဝပြုအခမ်းအနားမှာ သင်တန်းသား၊ သင်တန်းသူအားလုံးရဲ့ကိုယ်စား ဂါရဝပြုစကား ပြောကြားခွင့်ရတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်မှ ရှမ်းတိုင်းရင်းသူ နန်းသီတာဝင်းမောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးအနေနဲ့ နိုင်ငံတော်ရဲ့ မွန်မြတ်တဲ့ တာဝန်တွေကို ထမ်းဆောင်ရင်း တန်ဖိုးရှိတဲ့အချိန်တွေကို ခွဲဝေပေးပြီး သမီးတို့ကို ဂါရဝပြုခွင့်ပေးတဲ့အပြင် ဩဝါဒ လမ်းညွှန်မှုများ ချီးမြှင့်ပေးတဲ့အတွက် သမီးတို့ ဂုဏ်ယူမဆုံး ဖြစ်မိပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ဩဝါဒလမ်းညွှန်ချက်တွေကို အလေးအနက်ထား လိုက်နာဆောင်ရွက်သွားပါမယ်လို့ ရိုသေစွာ တင်ပြအပ်ပါတယ်ရှင့်။

မြန်မာနိုင်ငံအနှံ့က သမီးတို့မောင်နှမတွေကို အမိဖွံ့ဖြိုးရေးတက္ကသိုလ်မှာ ဆုံတွေ့စေပြီး ထူးခြားလေးနက်တဲ့ လေ့ကျင့်သင်ကြားမှုအစီအစဉ်တွေနဲ့ တက္ကသိုလ်ရဲ့ရည်ရွယ်ချက်တွေကို ပေါက်မြောက်အောင် ဖော်ဆောင်နိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖြစ်လာအောင် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။ သင်တန်းဆင်းချိန်မှာလည်း ရည်မှန်းချက်တာဝန်တွေနဲ့အတူ ပညာရေးဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပြီး ဆရာ၊ ဆရာမများအဖြစ်နဲ့ အလုပ်တာဝန်ကိုပါ တစ်ပါတည်း ခန့်အပ်ပေးခဲ့ပါတယ်။ ပညာရေးဘွဲ့ရပြီး အရည်အချင်းမီသူတွေကိုလည်း အမိ

တက္ကသိုလ်မှာ ဖွင့်လှစ်ထားတဲ့ မဟာပညာရေးဘွဲ့ သင်တန်းကို ဆက်လက်တက်ရောက် ဆည်းပူးနိုင်အောင် စီမံခွင့်ပြုပေးခဲ့ပါတယ်။ အခုလို သမီးတို့ကို အစစအရာရာ လိုလေသေးမရှိအောင် စောင့်ရှောက်ပြီး လူတစ်လုံး သူတစ်လုံးဖြစ်အောင် ပျိုးထောင်ပေးခဲ့တဲ့ နိုင်ငံတော်ရဲ့ ကျေးဇူးတရားတွေဟာ သမီးတို့အပေါ်မှာ ကြီးမားလှပါတယ်။ ဒီကျေးဇူးတရားတွေကို သမီးတို့ တာဝန်ထမ်းဆောင်ရချိန်မှာ ပေးအပ်တဲ့တာဝန်တွေကို ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ ကြိုးပမ်းထမ်းဆောင်ပြီး ပြန်လည်ပေးဆပ်သွားမယ်လို့ ကတိပြုတင်ပြအပ်ပါတယ်ရှင့်။

နိုင်ငံတော်ရဲ့တာဝန်တွေကို ရယူချိန်ကစပြီး နိုင်ငံတော်အစိုးရအနေနဲ့ သမီးတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ်ရောက်ရှိအောင်၊ သမီးတို့ပြည်သူတွေကို စားဝတ်နေရေး တင့်တင့်တယ်တယ် ချောင်ချောင်လည်လည်နဲ့ လူတန်းစေ့နေနိုင်အောင် မနားမနေ ကြိုးပမ်းတည်ဆောက်ပေးနေပါတယ်။ အခုလို ဆောင်ရွက်ပေးရာမှာ ဒို့တာဝန် အရေး(၃)ပါးကို အလေးအနက်ခံယူပြီး နိုင်ငံရေး၊စီးပွားရေးနဲ့ လူမှုရေးဦးတည်ချက်တွေ စနစ်တကျ ချမှတ်ဆောင်ရွက်ပေးတဲ့အတွက် သမီးတို့ပြည်သူတွေရဲ့ အသိပညာ၊ စီးပွားရေးနဲ့ လူမှုရေးအခြေအနေတွေဟာ မျှမျှတတဖွံ့ဖြိုးလာခဲ့ပြီး တစ်ဦးနဲ့တစ်ဦး နားလည်ခွင့်လွှတ်မှု၊ ချစ်ခင်လေးစားမှုတွေနဲ့အတူ ခိုင်မာတဲ့ စည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ထပ်မံပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းတွေကနေ ဖြစ်ထွန်းလာတဲ့ အကျိုးကျေးဇူးတွေကြောင့် နိုင်ငံနဲ့အဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ပြည်သူတွေကြားမှာ မိမိနိုင်ငံနဲ့ လူမျိုးအပေါ် အားကိုးယုံကြည်စိတ်၊ မိမိပြည်ထောင်စုကြီးကို ချစ်မြတ်နိုးစိတ်၊ ပြည်ထောင်စုကြီးအတွင်းမှာ အတူယှဉ်တွဲနေထိုင်လိုတဲ့ ပြည်ထောင်စိတ်ဓာတ်တွေဟာလည်း ပိုမိုရှင်သန် အားကောင်းလာခဲ့ပါတယ်။ တိုးတက်မှုအခြေအနေကောင်းတွေရရှိနေပြီဖြစ်တဲ့ သမီးတို့နိုင်ငံကို ပတ်ဝန်းကျင်နိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်အောင် တိုးတက်သည်ထက် တိုးတက်အောင် ဆက်လက်ကြိုးပမ်း တည်ဆောက်နေဆဲဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်အစိုးရက မှန်ကန်တဲ့ဦးဆောင်မှုပေးပြီး နိုင်ငံနဲ့ ပြည်သူတွေအကျိုးအတွက် အလေးအနက်ထား ဆောင်ရွက်နေမှုအပေါ် ပြည်သူတစ်ရပ်လုံးက နားလည်သဘောပေါက်စွာနဲ့ ခေတ်မီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းအားဖြည့် ဆောင်ရွက်နေကြတာဟာ နိုင်ငံတော်သစ်အတွက် အားတက်စရာမြင်ကွင်းပဲ ဖြစ်ပါတယ်။

အခုလို အားကြိုးမာန်တက် ဝိုင်းဝန်းဆောင်ရွက်နေချိန်မှာ သမီးတို့ကလည်း ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်တွေပီပီ ဒေသရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ကျရာအခန်းက ပါဝင်ပြီး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

✻ စာမျက်နှာ ၁၀ မှ

ဒေသခံ ပြည်သူတွေကိုလည်း မှန်ကန်တဲ့ အသိအမြင်တွေနဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေမှာ ပိုမို တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားပါမယ်လို့တင်ပြအပ်ပါတယ်ရှင့်။

သမီးတို့ ပြည်ထောင်စုကြီးဟာ ရှေးယခင်ကတည်းက ကိုယ့်ထီးကိုယ်နန်းနဲ့ ပတ်ဝန်းကျင် နိုင်ငံတွေက လေးစားရတဲ့ နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့ပြီး သမီးတို့တွေဟာ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ ဝင့်ထည်စွာ နေထိုင်ခဲ့ကြတဲ့ လူမျိုးဖြစ်ပါတယ်။ တစ်ချိန်မှာပြည်ပကျူးကျော်မှုကိုခံရပေမယ့်လည်း မည်သည့် တိုင်းတစ်ပါးသားတွေရဲ့ အုပ်ချုပ်မှုအောက်မှာမှ မနေလိုတဲ့ ဇာတိမာန်နဲ့ သမီးတို့ ဘိုးဘွားတွေဟာ အသက်သွေးချွေးစတေးပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရအောင် ယူပေးခဲ့ပါတယ်။ ဘိုးဘွားတွေရအောင် ယူပေးခဲ့တဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို မြဲအောင်ထိန်းရမယ့် တာဝန်ဟာ သမီးတို့တိုင်းရင်းသားအားလုံးရဲ့ မွေးရာပါ တာဝန်ပဲဖြစ်ပါတယ်။ ဒီနေ့မှာ သမီးတို့နိုင်ငံရဲ့ ရရှိပြီးအခြေအနေတွေ ပျက်ပြားသွားအောင်၊ သူတို့ရဲ့ ဩဇာခံ ကြိုးဆွဲနိုင်ငံအဖြစ် ရောက်ရှိအောင် ပြည်ပနိုင်ငံကြီး တချို့က တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်နေကြပါတယ်။ ဘယ်လောက်ပင် အားထုတ်ကြိုးပမ်းနေပေမယ့်လည်း သမီးတို့တိုင်းရင်းသားတွေ စည်းလုံးနေသရွေ့ သမီးတို့ ပြည်ထောင်စုကြီး တိုးတက်ဖြစ်ထွန်းနေမှာဖြစ်ပြီး ပြည်ထောင်စုကြီးဖြစ်ထွန်းနေသရွေ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာဟာလည်း တည်တံ့ခိုင်မြဲနေမယ်လို့ သမီးတို့အားလုံးက ယုံကြည်ပါတယ်။ နိုင်ငံတော် အစွန့်ရှည်တည်မြဲရေးအတွက် သမီးတို့ရင်မှာဖြစ်တည်ပြီးဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးရေး စိတ်ဓာတ်ကို နိုင်ငံအနှံ့သယ်ဆောင်ပြီး တိုင်းရင်းသားပြည်သူတွေကြား ခိုင်မာသည်ထက် ခိုင်မာနေအောင် တာဝန်ထမ်းဆောင်ရင်းအစွမ်းရှိသရွေ့သမီးတို့ ကြိုးပမ်းသွားမယ်လို့ တင်ပြအပ်ပါတယ်ရှင့်။

သမီးတို့ တာဝန်ထမ်းဆောင်ချိန်မှာ နယ်စပ်ဒေသတွေမှာ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးပြီးဒေသခံ ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝတွေ တိုးတက်လာအောင် ဒေသခံပြည်သူတွေကြားမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေ ရှင်သန်ပြန့်ပွားနေအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ တာဝန်တွေကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်အောင်လည်း သမီးတို့ကို အမိတက္ကသိုလ်က စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။ သမီးတို့အနေနဲ့ နိုင်ငံတော်က အားထားယုံကြည်ခြင်းခံရတဲ့သားကောင်းသမီးမွန်များအဖြစ်နဲ့ သင်ယူတတ်မြောက်ထားတဲ့ပညာရပ်တွေကို အကျိုးရှိရှိ အသုံးပြုပြီး နိုင်ငံတော်နဲ့ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားပါ့မယ်လို့ ဥက္ကဋ္ဌကြီးနဲ့ အကြီးအကဲများရှေ့မှောက်မှာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်ဟု ဂါရဝပြု ပြောကြားသည်။

ထို့နောက် တွေ့ဆုံဂါရဝပြု ဩဝါဒခံယူသည့် အခမ်းအနားကို နံနက် ၁၀နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သင်တန်းသားသင်တန်းသူများနှင့် ကြီးကြပ်သူ ဆရာဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်

- ❒ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ❒ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ❒ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆–၁–၂၀၀၇(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် အာဋာနာဋိယသုတ်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈:၂၅ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၀၀ ၅။ **“နင်းကြည့်စမ်းပါ” (မင်းအုပ်စိုး၊ညီဘွား၊ခင်စိုးပိုင်) (ဒါရိုက်တာ–မင်းအုပ်စိုး)**
- ၅:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
- ၅:၁၅ ၇။ **“အသက်ကလေးရယ်တဲ့ ရှည်စေလို” (ဦးအောင်လွင်၊ဦးကြည်စိုး၊ မေထွဋ်ခေါင်) (ဒါရိုက်တာ–ကြည်စိုး)**
- ၅:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၂။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ယွန်းထည်ထွက်ရာ ကျောက္ကဆွာ)
- ၇:၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ဆိုသည်မှာ” (အပိုင်း–၁၇)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အကြင်နာနွေဦး” (အပိုင်း–၇)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆–၁–၂၀၀၇ (သောကြာနေ့)

- ၇:၀၀ MRTV4အဖွင့်Logo ယနေ့အစီအစဉ်
- ၇:၀၅ သူအရင်လိုမဟုတ်တော့ဘူး တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ)
- ၈:၁၅ နတ်မ(ဝိတိုရိယ)တောင်မှ အတွေ့အကြုံများ
- ၈:၄၅ တေးဂီတအစီအစဉ်
- ၈:၅၀ Myanmar Video Rhythm
- ၉:၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၅၀ ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ
- ၁၀:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၁၀ တေးဂီတအစီအစဉ်
- ၁၀:၁၅ မျက်စိအတွင်းတိမ် ရေတိမ်ရောဂါအကြောင်း သိကောင်းစရာ (ဒေါက်တာထွန်းအောင်ကျော်)
- ၁၀:၃၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၁၁:၀၀ တေးဂီတအစီအစဉ်
- ၁၁:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၁၅ ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း
- ၁၁:၂၅ တေးဂီတအစီအစဉ်
- ၁၁:၃၀ Alex (Black and White Birthday Show)
- ၁၂:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၂၀ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ (စာပေနှင့် အနုပညာဆိုင်ရာ မူပိုင်ခွင့်)ဆွေးနွေးခန်း (ဒေါက်တာကြည်ပြာမိုး၊ ဒေါက်တာနှင်းနွယ်အေး၊ ဒေါက်တာမိုးမိုးသွယ်)
- ၁၂:၄၅ တေးဂီတအစီအစဉ်
- ၁၂:၅၀ မေတ္တာရိပ်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိတစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၂၅

စာပေဗိမာန် စာအုပ်အသင်းက ၂၀၀၃ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ ပထမဆုရသိပ္ပံစိုးမြင့်နိုင်၏ “ကလေးများအတွက် ပတ်ဝန်းကျင်မှုလျှပ်စစ်သုတ”စာအုပ်ကို စာအုပ်အသင်း၏(၂၈)အုပ်မြောက် စာအုပ်အဖြစ် ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ စာအုပ်များပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုလျှင် အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အရောင်းဌာန ဖုန်း–၃၈၁၃၄၈၊ ၂၄၉၀၃၁ အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂၅–၁–၂၀၀၇

လားရှိုး၊ ဟဲဟိုး၊ နမ့်စန်နှင့် မိုးကုတ်	၁ ဒီဂရီစင်တီဂရိတ်
ဟားခါး	၃ ဒီဂရီစင်တီဂရိတ်
ရန်ကုန်	၁၉ ဒီဂရီစင်တီဂရိတ်

ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ ဂီဟိဝိနယဆုံးမစာ အမှတ်စဉ်(၁၀)

ဆင်းရဲမကွာ၊ ချမ်းသာမပစ်သော အဆွေခင်ပွန်းစစ်(၄)ယောက်

မိမိဆင်းရဲသည့်အခါတွင်ပင် ခွဲခွာသွားခြင်းမရှိဘဲ သူချမ်းသာသည့်အခါတွင်လည်း မိမိအားပစ်မပြေးသော အဆွေခင်ပွန်းစစ်တို့မည်သည် အောက်ပါအတိုင်း ကျင့်ကြံသူများဖြစ်ပါသည်–

- **မိမိအတွက် လျှို့ဝှက်စကားကို သူကြားသော်လည်း သူတစ်ပါးမသိအောင် မိမိကဲ့သို့ လျှို့ဝှက်ထိန်းသိမ်းပေးသူ။**
- **မိမိဘေးအန္တရာယ်နှင့် တွေ့သည့်အခါ မိမိအားထား၍ စွန့်ပစ်မပြေးသူ။**
- **မိမိအပေါ်တွင် မတွန့်မတို ပေးကမ်းကူညီသူ။**
- **မိမိအန္တရာယ်နှင့် တွေ့ကြုံသည့်အခါတွင် လိုအပ်ပါက သူ့အသက်ကိုပင်စွန့်၍ ကယ်တင်ဆောင်ရွက်ပေးသူ။**

“လျှို့ဝှက်စကား၊ ကြားစေတုံလျက်၊ သူလျှို့ဝှက်၍ ဘေးတွေ့မစွန့်၊ မတွန့်လိုပါ၊ သူ့ကိုညှာလျက်၊ ကိုယ့်သက်စွန့်မြောက်၊ ဤလေးယောက်ကား မျှလောက်ချမ်းသာ၊ ဆင်းရဲတည်း”

အထက်ဖော်ပြပါ အဆွေခင်ပွန်းစစ်မျိုးများသည် ဆင်းရဲမကွာ ချမ်းသာအတူ အမြဲနေသင့်သူများသာ ဖြစ်ပါသည်။ **(သာသနာရေး)**

ဒို့အား ဒို့အင် ဒို့လမ်းစဉ်ကို ဒို့ပင်တည်ဆောက်ကြပါစို့

☆ သူ့နိုင်ငံရေး၊ သူတို့တွေးလို့
သူ့ရေးသူ့ရာ၊ သူ့ဝန်တာကို
သူသာသတ်မှတ်၊ သူရေးစပ်ခဲ့ကြတာပဲ။

☆ ကမ္ဘာ့အရေး၊ စုပေါင်းတွေးလို့
အရေးပေါ်တာ၊ ညီညာစွာနဲ့
သူ့တာ ငါ့တာ၊ ခွဲကာမထား
စုပေါင်းရေးသွားကြတာပဲ။

☆ ဒို့နိုင်ငံရေး၊ ဒို့များတွေးလို့
ဒို့ရေးဒို့ရာ၊ ဒို့ဝန်တာကို
ဒို့မှာမအေး၊ သမိုင်းပေးမို့
ဒို့ပေးဆပ်ကြရမှာပဲ။

☆ ဒါကိုမလို၊ မကြိုဆိုလဲ
နေမြဲမနေ၊ တွေဝေမိုက်မဲ
သွေးခွဲမည့်အကြံ၊ ဆိုးညစ်ဉာဏ်ကို
တွန်းလှန်ပစ်ကာ၊ မလိုက်နာမူ
ကြီးစွာရန်သူ၊ စွဲမှတ်ယူ၍
ဆူပူသည့်ရေး၊ လှုံ့ဆော်ပေးပြီး
သူရေးလာပုံ၊ကုလခုံမှာ
တင်ကာဟစ်ကြွေး၊ ရာဇသံပေးလည်း
ဒို့ရေးပြည်ရွာ၊ သိကြတာမို့
ဗီတိုအာဏာ၊ သုံးခဲ့တာဟာ
ကမ္ဘာမှာပင်၊ မှတ်တမ်းတင်ခဲ့ရပြီပဲ။

☆ ဒါကြောင့်မို့လည်း
ဒို့ပြည်အရေး၊ သွေးမအေးဘဲ
မနှေးအစဉ်၊ လမ်းစဉ်(၇)ရပ်
ချမှတ်ကာထား၊ ဒို့မူများနှင့်
ဒို့အားဒို့အင်၊ ဒို့လမ်းစဉ်ကို
ဒို့ပင်တည်ဆောက်ကြပါစို့။

လှသိန်း(သတ္တုတွင်း)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ပြီး ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌမစ္စတာလီထယ်ရင်းအားချစ်ကြည်ရေး ခရီးစဉ်မှတ်တမ်းတင် စီဒီကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် မစ္စတာလီထယ်ရင်းဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းမြ၊ သံတမန်ရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာကွမ်မုနှင့် သံရုံးမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ တရုတ်ကုန်သည်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အင်တာနက်အားကစားသတင်းများ

ကားလင်းဖလားဘောလုံးပြိုင်ပွဲ အာဆင်နယ်နှင့် စပါးသရေကျ

လန်ဒန် ဇန်နဝါရီ ၂၅

အင်္ဂလိပ်ကားလင်းဖလား ပထမအဆင့်အကြိုဗိုလ်လုပွဲကို လန်ဒန်ရှိ ဝှိုက်ဟတ်လိန်းကွင်း၌ ဗုဒ္ဓဟူးနေ့က ကျင်းပရာ အာဆင်နယ်အသင်းနှင့် တော့တင်ဟမ်ဟော့စပါးအသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျသည်။

ပွဲအစမှာပင် ဒီမစ်တာဘာဘာတော့ဗ်က စပါးအသင်းအတွက် ဂိုးသွင်းနိုင်ခဲ့သည်။ ပထမပိုင်းမှာပင် အာဆင်နယ်အသင်းမှ ဘရာဇီးလူမျိုး ကွင်းလယ်ကစားသမား ဂျူလီယိုဘက်တစ္စတာ ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် အာဆင်နယ်အသင်းမှာ နှစ်ဂိုးပေးလိုက်ရသည်။

သို့ရာတွင် ဒုတိယပိုင်းတွင်ဘက်တစ္စတာတစ်ဦးတည်းက နှစ်ဂိုးဆက်တိုက်သွင်းပေးနိုင်ခဲ့သဖြင့် အာဆင်နယ်ချေပဂိုးများ ရသွားသည်။

ကားလင်းဖလား ဒုတိယအဆင့် အကြိုဗိုလ်လုပွဲကို လာမည့်ဗုဒ္ဓဟူးနေ့တွင် ကျင်းပမည်ဖြစ်သည်။

အင်တာနက်

တိုက်စစ်မှူး ရိုနယ်လ်ဒိုအား ရောင်းချရန် ရီးယဲလ်မဒရစ်အသင်း သဘောတူ

ရောမ ဇန်နဝါရီ ၂၅

ရီးယဲလ်မဒရစ်အသင်းသည် ဘရာဇီးလူမျိုးတိုက်စစ်မှူး ရိုနယ်လ်ဒိုအား အေစီမီလန်အသင်းသို့ ရောင်းချရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

တိုက်စစ်မှူး ရိုနယ်လ်ဒိုအား ရောင်းချရေးကိစ္စတွင် အသင်းပြောင်းရွှေ့ကြေးနှင့်ပတ်သက်၍ နှစ်ဖက်အသင်းများက ကာလအတန်ကြာအောင်ပင် ဆွေးနွေးခဲ့ကြရသည်။

သို့ရာတွင် နောက်ဆုံး၌ အေစီမီလန်အသင်းက ယူရို ၇ဒသမ ၅သန်းအထိ ဈေးတက်ပေးခဲ့ကြောင်း အီတလီနိုင်ငံတွင် ထုတ်ဝေသော လာရီပတ်ဘလီကာသတင်းစာက ရေးသားဖော်ပြသည်။ အသက်(၃၀)အရွယ်ရှိ ရိုနယ်လ်ဒိုသည် အေစီမီလန်အသင်း၏ မြို့ခံပြိုင်ဘက် အင်တာမီလန်အသင်းတွင် ၁၉၉၇ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ ပါဝင်ကစားခဲ့သည်။

အင်တာနက်

ချယ်လ်ဆီးအသင်းနည်းပြအဖြစ် မန်စီနီအားခေါ်ယူရန် လိုလား

လန်ဒန် ဇန်နဝါရီ ၂၅

လက်ရှိဘောလုံးရာသီအကုန်တွင် ချယ်လ်ဆီးနည်းပြရာထူး သက်တမ်းကုန်ဆုံးမည့် ဟိုဆေးမော်ရင်ဟို၏နေရာတွင် ရော်ဘတ်တိုမန်စီနီအားအစားထိုးရန် ချယ်လ်ဆီးအသင်းပိုင်ရှင် ရိုမန်အေဘရာမိုမစ်ချ်က လိုလားကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဆမ်ဒိုးရီးယားအသင်း၊ လာဇီယိုအသင်းနှင့် အီတလီလက်ရွေးစင်အသင်းတို့၏ တိုက်စစ်မှူးဟောင်း မန်စီနီသည် လောလောဆယ်တွင် အင်တာမီလန်အသင်း၏ နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ မန်စီနီ၏ ကြိုးပမ်းမှုဖြင့် အင်တာမီလန်အသင်းသည် လက်ရှိဘောလုံးရာသီတွင် စီးရီးအေ ဘောလုံးပြိုင်ပွဲ၌ ထိပ်ဆုံးမှရပ်တည်လျက်ရှိသည်။

ဆွီဒင်လူမျိုး ဆဗန်ဂိုရန်အဲရစ်ဆင်က လာဇီယိုအသင်းကို တာဝန်ယူခဲ့ချိန်အတွင်း ၎င်း၏ လက်ထောက်နည်းပြအဖြစ် မန်စီနီတာဝန်ထမ်းဆောင်ခဲ့သည်။

အင်တာနက်

ပြည်နယ်နှင့်တိုင်း အလွတ်တန်း ဘောလုံးပြိုင်ပွဲ မကွေးတိုင်းက ရန်ကုန်တိုင်းကိုနိုင်ပြီး ဗိုလ်လုပွဲတက်

ရန်ကုန် ဇန်နဝါရီ ၂၅

၂၀၀၇ခုနှစ် (၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းအမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းအသင်းနှင့် မကွေးတိုင်းအသင်းတို့ ယနေ့ညနေ ၃နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မကွေးတိုင်းအသင်း – နှစ်ဂိုး
(အောင်ဝင်းနှင့်သန်းဇော်လင်း)
ရန်ကုန်တိုင်းအသင်း – တစ်ဂိုး
(ရန်နိုင်အောင်)
အကောင်းဆုံးဆု –အောင်ဝင်း
(မကွေးတိုင်း)
ဒိုင်လူကြီး –ဦးစိုးမိုးကျော်

၁၉၉၁ခုနှစ်တွင် ပြည်ထောင်စုဒိုင်းကြီးဆွတ်ခူးရရှိပြီး နောက်ပိုင်း ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲနှင့် ဝေးကွာနေသောမကွေးတိုင်း အသင်းသည် ယခု(၁၆)နှစ်အကြာမှ ဗိုလ်လုပွဲဆီသို့ တစ်ကျော့ပြန်လည်တက် ရောက်နိုင်ခဲ့သည်။

ပွဲအစပိုင်းတွင် ရန်ကုန်တိုင်းက ကစားကွက် ပျောက်နေသဖြင့် မကွေးတိုင်းကပိုမိုဖိကစားကာ မိနစ်၂၀အတွင်း အနိုင်ဂိုးနှစ်ဂိုးသွင်းယူသွားသည်။ ၁၆ မိနစ်တွင် အောင်ဝင်းက ဘယ်ထောင့်ကန်ဘောကို တိုက်ရိုက်ကန်သွင်းပြီး မိနစ် ၂၀တွင် သန်းဇော်လင်းက ဒုတိယဂိုးတို့ကို သွင်းယူပေးခဲ့သည်။

နှစ်ဂိုးဆက်တိုက် ပေးလိုက်ရ၍ ရန်ကုန်တိုင်းအသင်း တိုက်စစ်အားမြှင့်တင်လာရာ ၂၇ မိနစ်တွင် ရန်နိုင်အောင်က လျှံဘောမှတစ်ဆင့် ချေပဂိုးသွင်းယူခဲ့သည်။

ဗိုလ်လုပွဲသို့တက်ရောက်သွားသော မကွေးတိုင်းအသင်းအုပ်ချုပ်သူ ဦးလှဝင်းက မကွေးတိုင်းအသင်း အနေဖြင့် ရန်ကုန်တိုင်းနှင့်တွေ့ဆုံတိုင်းအနိုင်ရသည့် အစဉ်အလာများရှိခဲ့ကြောင်း၊ ယင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းနိုင်အောင်နှင့် ယနေ့ပွဲအနိုင်ရလျှင် ဗိုလ်လုပွဲရောက်မည်ဖြစ်၍ ကလေးတွေကို ကြိုးစားကစားစေခဲ့ကြောင်း၊ ကလေးတွေကလည်းအားကြိုးမာန်တက်ကစားခဲ့၍သာအနိုင်ရခဲ့ခြင်းဖြစ်ကြောင်း၊ လေ့ကျင့်ချိန်ရသည့် တစ်လအတွင်းမှာ ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်ခဲ့သလို မကွေးတိုင်းမှတာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများကပံ့ပိုးမှုများပြုလုပ်ခဲ့၍သာ ယခုအဆင့်ကိုရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ၁၆နှစ်အကြာမှာ ပြန်ရောက်ရှိလာသည့် ဗိုလ်လုပွဲတွင် အနိုင်ရအောင်ကြိုးစားပြီး ပြည်ထောင်စုဒိုင်းကြီးကို အရ ယူသွားမည် ဖြစ်ပါကြောင်း ကြေးမုံသို့ ပြောကြားသွားသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် မကွေးတိုင်းအသင်းတို့၏ ဗိုလ်လုပွဲကို ဇန်နဝါရီ၂၉ရက်၌ ကျင်းပမည်ဖြစ်သည်။

၂၇–၁–၂၀၀၇
ညနေ ၃နာရီ
(သုဝဏ္ဏကွင်း)
တတိယနေရာလုပွဲ
စစ်ကိုင်းတိုင်းနှင့်ရန်ကုန်တိုင်း

(ကြေးမုံ)

ရန်ကုန်တိုက်စစ်မှူးများနှင့် မကွေးခံစစ်မှူးများ အကြိတ်အနယ်။
(ဓာတ်ပုံ–စိုးညွန့်၊ ကြေးမုံ)

ပြည်ထောင်စုဒိုင်းကြီးကိုအရယူသွားမည်ဖြစ်ကြောင်း မကွေးတိုင်းအုပ်ချုပ်သူ ဦးလှဝင်း ပြောကြားစဉ်။
(ဓာတ်ပုံ–စိုးညွန့်၊ ကြေးမုံ)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

မိုးညှင်းဝိပဿနာ တိုက်သစ် အသံမစဲပဋ္ဌာန်းပွဲနှင့် ထမနဲအလှူ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၁၈၅) ဓမ္မစေတီလမ်း၊ ရွှေတောင်ကြား၂ရပ်ကွက်၊ မိုးညှင်းဝိပဿနာတိုက်သစ်အတွင်း၌ နှစ်စဉ်ကျင်းပပူဇော်သော(၁၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပွဲနှင့် နှမ်းမနဲထိုးအလှူပွဲကို ၁၃၆၈ခု၊ တပို့တွဲလဆန်း ၁၃ရက်(၃၀–၁–၂၀၀၇)မှ တပို့တွဲလပြည့်ကျော်၁ရက် (၂–၂–၂၀၀၇)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်လှူဒါန်းမည်ဟု သတင်းရရှိသည်။ (ကြေးမုံ)

ဘုရားဖြူ စိန်ရတုစာတော်ပြန်ပွဲ ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသော(၇၅)ကြိမ်မြောက် ဘုရားဖြူ စိန်ရတုစာတော်ပြန်ပွဲ၊ ဆုနှင်းသဘင်အကြို ဓမ္မသဘင်တွင် ဇန်နဝါရီ ၂၇ရက်(စနေနေ့)၌ တွံတေးအရှင်ဣန္ဒက ကလည်းကောင်း၊ ဖေဖော်ဝါရီ ၄ ရက်(တနင်္ဂနွေနေ့)၌ ရွှေဟသ်ာအရှင် အာစာရာလင်္ကာရကလည်းကောင်း၊ ၁၁ရက်(တနင်္ဂနွေနေ့)၌ ဆင်ဖြူတောင် အရှင်ဂုဏိန္ဒာက လည်းကောင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်း၌ ည ၇နာရီတွင် တရားတော်များ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့(ဂ)ရပ်ကွက် သံသုမာလမ်းရှိ သုဝဏ္ဏသီဂီဓမ္မရိပ်သာကျောင်းတွင် ဖေဖော်ဝါရီ ၃ ရက်မှ ၁၂ရက်ထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပြည်တွင်းပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကစ္စာယနနှင့် ဓမ္မကထိကဆရာကြီးဦးစိန်ဝတို့က ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များ ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်ယောဂီများနှင့် ဆွမ်းအလှူရှင်များ ဖုန်း–၅၇၂၃၈၅သို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

လင်မယားနှစ်ဦး သဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ရန်ကုန်မြို့၊ကမာရွက်မြို့နယ်၊အမှတ်(၂)ရပ်ကွက်၊စံရိပ်ငြိမ်(၆)လမ်း၊တိုက်၊အိမ်အမှတ်(၁၃)၊ပထမထပ်နေ ကိုနေလင်းမောင်(ဘ)ဦးခင်မောင်ဌေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/မမန(နိုင်)၀၀၄၄၇၁] ကိုင်ဆောင်သူနှင့် ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊တီစီစီ ရိပ်သာလမ်းသွယ်၊ ပြည်လမ်း၊ အမှတ်–၅၀၃/၂၀(က)နေ မသန့်သန့်လွင်(ဘ)ဦးသိန်းလွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၇/ပမန(နိုင်)၀၆၉၄၁၈]ကိုင်ဆောင်သူတို့သည် (၂၅–၁–၂၀၀၇)နေ့တွင် ကမာရွတ်မြို့နယ် တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းနိုင်ပါသည်။

မသန့်သန့်လွင် B.Sc,(Hons;) M.Sc(Engg Physics) M.Res, Ph.D (Thesis) 524009,09514-1017

ပဋ္ဌာန်းသိမ်းအောင်ပွဲ တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ထန်းတပင်မြို့နယ် ကုန်းဒနဲရိ ကျေးရွာ သာသနာ့မာမက သီရိမင်္ဂလာကျောင်းတိုက် ပဓာနနာယကဘဒ္ဒန္တ ဇာဂရဆရာတော် ဦးစီးကျင်းပသော လောကသရဖူအောင်တော်မူ ဆုတောင်းပြည့် ရွှေစေတီ ဘုရားပွဲတော်နှင့် ပဋ္ဌာန်းသိမ်းအောင်ပွဲ တရားပွဲကို ဖေဖော်ဝါရီ ၁ ရက် နှင့် ၂ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး အရှင်တိက္ခာစာရ (မဟာသဒ္ဓမ္မဇောတိကဓဇ)အောင်သိဒ္ဓိဆရာတော် (သမိုင်း)မှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ရှောင်လေဝေးဝေး မူးယစ်ဆေး

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း၊ ရန်ကုန်မြို့ လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံကျွမ်းကျင်(၂) (သတင်းကြေညာသူ)(လစာနှုန်းကျပ် ၃၉၀၀၀–၁၀၀၀–၄၄၀၀၀)ရာထူးနေရာများ လစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများလျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၃၁–၁–၂၀၀၇)ရက်နေ့တွင် အသက်(၃၀)နှစ်၊ ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက်မကျော်ရ။
- (ဂ) ဘွဲ့ရပြီးသူဖြစ်ရမည်။
- (ဃ) အအေးခန်းတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း (၅)နှစ်တာဝန်ထမ်းဆောင်ရမည်။
- (စ) ရုပ်ရည်သင့်တင့်ပြီး အသံသြဇာကောင်းသူဖြစ်ရမည်။ (အမျိုးသားများကို ဦးစားပေးမည်။)

၃။ လျှောက်လွှာကို အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရုံးချုပ်)၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ၁၄–၂–၂၀၀၇ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။
- (က) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ
- (ခ) အသက်အထောက်အထားအတွက် အခြေခံပညာ အထက်တန်းအောင်လက်မှတ်မိတ္တူ(သို့မဟုတ်) ခိုင်လုံသော အထောက်အထားတစ်ရပ်ရပ်တင်ပြနိုင် ရမည်။
- (ဂ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက် မတိုင်မီ (၆)လအတွင်း ရရှိထားသည့်ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
- (ဃ) လိုင်စင်ဓာတ်ပုံ(၂)ပုံ(ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ် ရေးသားရန်)
- (င) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးတွင် အလုပ်သမား မှတ်ပုံတင်ထားသည့် အလလခ ပုံစံ(၂) ဓာတ်ပုံမိတ္တူ(၁)စောင်
- (စ) ဝင်ကြေးငွေကျပ်၁၅၀/ပေးသွင်းသည့် ချလန်မူရင်း (သို့မဟုတ်) စာတိုက်ငွေပို့လွှာ(Money Order) ပြေစာမူရင်း

၄။ ဝန်ထမ်းများသည် မိမိတို့၏ လျှောက်လွှာများကို တာဝန်ထမ်းဆောင်ရာဌာနအဖွဲ့အစည်းများမှ တစ်ဆင့် ၁၄–၂–၂၀၀၇ရက်နေ့ နောက်ဆုံးထား၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ပေးပို့ရမည်။ (ကြိုတင်မိတ္တူကို တိုက်ရိုက်ပေးပို့ရမည်။)

၅။ စာမေးပွဲဝင်ကြေးငွေကျပ် ၁၅၀ကို ရန်ကုန်မြို့အတွက် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃) ငွေစာရင်းအမှတ် အမ်ဒီ–၀၀၁၈၃၆သို့ လည်းကောင်း၊ ကျန် ပြည်နယ်/တိုင်းမြို့နယ်များအတွက် သက်ဆိုင်ရာစာတိုက်မှတစ်ဆင့် ဤဌာနသို့ငွေပို့လွှာ (Money Order) ဖြင့် ပေးသွင်းရမည်။

၆။ အသေးစိတ်အကြောင်းအရာများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရုံးချုပ်) တယ်လီဖုန်းအမှတ် ၅၂၇၁၂၂၊လိုင်းခွဲ(၁၄၅) တွင်စုံစမ်းနိုင်ပါသည်။

အမည်ပြောင်းခြင်း

ဦးငြိမ်းအောင်၏သား ရေဖြူမြို့နယ် ကံပေါက် အထက အဌမတန်း(ခ)မှ မောင်သူရငြိမ်းထွေးအား မောင်ဟိန်းလတ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိန်းလတ်

အမည်ပြောင်းခြင်း

အမှတ်(၈/၁၀)၊ အခန်း E (၃)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်နေ အဖဦးစိုးဝင်း၏ သား ကိုမြင့်ဝင်းသန့် [၁၂/သဃက(နိုင်) ၀၁၂၇၄၂] အား ကိုအောင်မြတ်သစ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ကိုအောင်မြတ်သစ်**

ဦးအောင်ကျော်ဆန်း [၅/စကန(နိုင်)၀၀၃၈၂၃] မန်နေဂျင်းဒါရိုက်တာ ရဲမွန်ဆောက်လုပ်ရေးကုမ္ပဏီနှင့် အများသိစေရန်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၉၀)(အေ/ဘီ)ရှိ TMW Enterprise Ltd.၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ကျော်ဆန်းသည် TMW Enterprise Ltd. မှ တင်သွင်းသော ကက်ဆက်တိပ်ခွေများကို ဝယ်ယူသွားပြီးတန်ဖိုးငွေများအားလုံးကို အရစ်ကျပေးချေရန်အတွက် နှစ်ဖက်သဘောတူစာချုပ်ခဲ့သော်လည်း သတ်မှတ်နေ့ရက်များကျော်လွန်သွားသည့်တိုင်အောင် ပေးချေရန်ပျက်ကွက်လျက်ရှိနေခဲ့ပါသည်။

ဦးအောင်ကျော်ဆန်းအားအကြိမ်ကြိမ်ခေါ်ယူဆွေးနွေးညှိနှိုင်းရာ ပေးချေရန်ကျန်ငွေများ အားလုံးအနက် တစ်စိတ်တစ်ဒေသကိုသာပေးချေနိုင်ခဲ့ပြီး ငွေကျပ်၇၀၀၀၀၀၀(ကျပ်ခုနစ်ဆယ်သိန်းတိတိ) ပေးသွင်းရန် ကျန်ရှိနေခဲ့ရာထိုငွေများအားလုံးအနက် ငွေကျပ် ၃၅၀၀၀၀၀(ကျပ်သုံးဆယ့်ငါးသိန်းတိတိ)ကို ၂၀–၅–၂၀၀၅နေ့တွင်လည်းကောင်း၊ ကျန်ငွေကျပ် ၃၅၀၀၀၀၀(ကျပ်သုံးဆယ့်ငါးသိန်းတိတိ)ကို ၃၀–၆–၂၀၀၅နေ့တွင်လည်းကောင်း ပေးချေရန်သဘောတူညီခဲ့သော်လည်း ယနေ့တိုင် လာရောက်ပေးသွင်းခြင်းမရှိသည့်အပြင် ဆက်သွယ်မှုပြုလုပ်ရာတွင်လည်း သေချာတိကျသောအဖြေကိုမပေးနိုင်ခြင်း၊ တမင်ရှောင်ဖယ်မှုများ ပြုလုပ်နေခြင်း၊ စာချုပ်ပါသတ်မှတ်ရက်မှ ယနေ့ထိတိုင်အောင် မည်သည့်ငွေကြေးမှ လာရောက်ပေး သွင်းခြင်းမရှိသည့်အတွက် TMW Enterprise Ltd. သည် ၂၁–၁၂–၂၀၀၆နေ့ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများတွင် ဦးအောင်ကျော်ဆန်းအား ဤကြေညာပါသည့်နေ့မှ (၉)ရက်အတွင်း ငွေများအားလုံးလာရောက်ပေးသွင်းပါရန် ကြေညာထည့်သွင်းခဲ့ပါသည်။

သို့သော် ဦးအောင်ကျော်ဆန်းသည် အကြောင်းပြန်ကြားမှု လုံးဝမပြုလုပ်သည့်အတွက် TMW Enterprise Ltd. သည် မလွှဲရှောင်သာဘဲ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

Tun Tun Aye
No.20654
LL.B, H.G.P

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများ၏ ယုံကြည်ချစ်ခင်အားကိုးရပါသော **ဦးကြည်စိုးထွန်း(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**အား ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာ အမှတ်(၂/၂၀၀၇)ဖြင့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် **ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**ကို ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များ၊ နိုင်ငံတော်၏ အကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ပဲခူးတိုင်း(အရှေ့) ဗီဒီယိုအခြေခံအဖွဲ့

ဦးကြည်စိုးထွန်း ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်) (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဦးကြည်စိုးထွန်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)အား ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ(၄)ရက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ ဝိဇ္ဇာပညာရပ်ဆိုင်ရာ **ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)**ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆက်လက်၍ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များနှင့် အနုပညာလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

စစ်ကိုင်းတိုင်း ဗီဒီယိုအခြေခံအဖွဲ့

မဟာပဋ္ဌာန်း ရွတ်ဖတ် ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း အမှတ်(၄) ဝိုင်း ရွှေသလ္လာ ပရိယတ္တိစာသင်တိုက်တွင် ဇန်နဝါရီ ၂၈ရက်မှ ဖေဖော်ဝါရီ ၁ရက်ထိ ဆဌမအကြိမ်မြောက် ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲတွင် ဆရာတော် ဘဒ္ဒန္တကောဝိဒ (ရွှေသလ္လာ)အား အမှူးထား၍ အလှူရှင်များနှင့်ကျောင်းအကျိုးတော်ဆောင်တို့က စုပေါင်းပူဇော်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)သတ္တုတွင်းလုပ်ငန်း (ချိပ်ပိတ်တင်ဒါများခေါ်ယူခြင်း)

သတ္တုတွင်းဝန်ကြီးဌာန၊အမှတ်(၃)သတ္တုတွင်းလုပ်ငန်းမှ Tyre & Tubes with FIaps (8)Items ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၁။	တင်ဒါအမှတ်	–	၀၀၂/သတလ–၃/၀၆–၀၇
၂။	တင်ဒါပိတ်ရက်နှင့်အချိန်	–	(၁၅–၂–၂၀၀၇)
၃။	တင်ဒါပေးသွင်းရမည့်နေရာ	–	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ရုံးအမှတ်(၁၉) နေပြည်တော်

၄။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနခွဲတွင် (၂၉–၁–၂၀၀၇)ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း–၀၆၇–၄၀၉၃၉၇သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဝယ်ယူရေးနှင့် ထောက်ပံ့ရေးဌာနခွဲ
အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
ရုံးအမှတ်(၁၉)၊ နေပြည်တော်

GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF FORESTRY
MYANMA TIMBER ENTERPRISE

DATE. 23-1-2007

SEALED TENDER NO.01/2006-2007 (EX-SITE, BAMAW)

MYANMA TIMBER ENTERPRISE WILL HOLD A SEALED TENDER SALE AS FOLLOWS.

COMMODITY / QUANTITY	: (A) DRIED ORCHID (127) BAGS, ABOUT (3387) VISS : (B) TEAK & HARDWOOD CARVINGS (32) LOTS, (130. 2099) TONS. (ELEPHANT & OTHERS)
DATE	: 15-2-2007(THURSDAY)
TIME	: (12:00)NOON
PLACE	: EXTRACTION AGENCY OFFICE, MYANMA TIMBER ENTERPRISE, BAMAW (KACHIN STATE)
EARNEST MONEY	: US$-10000

FOR FURTHER DETAILS, PLEASE CONTACT MARKETING UNIT(2), EXPORT MARKETING AND MILLING DEPARTMENT, MYANMA TIMBER ENTERPRISE

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုညစာစားပွဲ တည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား၊ သင်တန်းသူများအား ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား၊ သင်တန်းသူများအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမေရိကန်နှင့် ဗြိတိန်တို့၏ တစ်ဖက်စောင်းနင်း လုပ်ရပ်ကို ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီးက ဆန့်ကျင်ကန့်ကွက်ခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား တန်ဖိုးထားထိန်းသိမ်းမှုကို ပြဆိုနေ

နေပြည်တော် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရေးအတွက် အမေရိကန်နှင့် ဗြိတိန်တို့ပူးပေါင်းပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် မူကြမ်းတင်သွင်းခဲ့သော်လည်း လုံခြုံရေးကောင်စီ၌ ဗီတို Double Veto ဖြင့် ကန့်ကွက်ပယ်ချခဲ့သည်။

ဗီတို Double Veto ဖြင့် ကန့်ကွက်ပယ်ချခဲ့သော လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နှစ်နိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ဖြစ်ကြပြီး တောင်အာဖရိကသမ္မတနိုင်ငံ ကလည်း ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သည်။ သုံးနိုင်ငံက ကြားနေမဲပေးခဲ့ပြီး ထောက်ခံမဲပေးခဲ့သောနိုင်ငံများမှာ အမေရိကန်နှင့် ဗြိတိန်အပါအဝင် ကိုးနိုင်ငံဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကြေညာချက်ထုတ်ပြန်

မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးနေသော အခြေအနေကို မျက်ကွယ်ပြုထားသော မူကြမ်းတင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ်ကို ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၅

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ သဘောထားကြေညာချက်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ●

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ကြေညာချက်ထုတ်ပြန်

အမေရိကန်နှင့် ဗြိတိန်တို့၏ မူကြမ်းပျက်ပြားသွားခြင်းကို နှစ်ထောင်းအားရဖြစ် မြန်မာပြည်သူများ တောင့်တနေသောအဖြေ ထွက်ပေါ်လာ၍ များစွာဝမ်းသာပီတိဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၅

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန် အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းက ဇန်နဝါရီ ၂၄ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ သဘောထားကြေညာချက်

စာမျက်နှာ ၄ ကော်လံ ၄ သို့ ❐